မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၄၀)

စက်အစိတ်အပိုင်းများ ကောင်းအောင်ထုတ်လုပ် တီထွင်ဆန်းသစ်မှုများ အမြဲမပြတ် အစဉ်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဖေဖော်ဝါရီ ၁၄ရက် ညနေပိုင်းတွင် မကွေးတိုင်း ပခုက္ကူမြို့အနီးရှိ စက်မှုသင်တန်းကျောင်းစီမံကိန်း(ပခုက္ကူ)သို့ ရောက်ရှိရာ စီမံကိန်းယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူများက WorkShop အဆောက်အအုံသုံးလုံးနှင့် သင်ကြားရေးဆောင်အတွက် မြေနေရာသတ်မှတ်ခြင်း ဆောင်ရွက်မှုအခြေအနေ၊ လျှပ်စစ်မီး ရရှိရေးနှင့် ရေရရှိရေး ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဖေဖော်ဝါရီ၁၅ရက် နံနက်ပိုင်းတွင် စက်နှင့်စက်ကိရိယာထုတ်လုပ်မှုစက်ရုံ(မြိုင်) ဝန်ထမ်းအိမ်ရာ၌ ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စက်ရုံအတွင်းရှိ Machine Shop, Mould & Die Making Shop တို့၌ စက်ပစ္စည်းများထုတ်လုပ်နေမှု၊ Assembly Shop (1) နှင့် (2) တို့တွင်

စာမျက်နှာ ၆ ကော်လံ ၁ ❑

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော် တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

နေပြည်တော်ပျဉ်းမနားတွင် နန်ချိုရေအားလျှပ်စစ်စီမံကိန်း စတင်ဆောင်ရွက်ပြီ....

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ကမ္ဘာ့နိုင်ငံအသီးသီး၌ တွင်ကျယ်စွာအသုံးပြုလျက်ရှိသော မြေအောက်သယံဇာတဖြစ်သည့် လောင်စာဆီထွက်ရှိမှုမှာ တဖြည်းဖြည်းလျော့နည်းလျက်ရှိရာ နောင်လာမည့် နှစ်၅၀ခန့်တွင် လောင်စာဆီ ရှားပါးမှုပြဿနာကို တစ်ကမ္ဘာလုံး တွေ့ကြုံကြရဖွယ်ရှိကြောင်း နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက စူးစမ်းလေ့လာတွက်ချက်ထားပြီးဖြစ်သည်။

စူးစမ်းဖော်ထုတ်

သို့ဖြစ်၍လည်း လောင်စာဆီ ရှားပါးမှုအခက်အခဲကို ကျော်လွှားနိုင်ရန်အတွက် ယခုအခါ လောင်စာဆီ အစားထိုးအသုံးပြုနိုင်မည့် နေရောင်ခြည်စွမ်းအင်မှ အစပြု၍ ဇီဝဓာတ်ငွေ့အမျိုးမျိုး၊ အသီးအနှံများမှ ထုတ်ယူရရှိသော ဟင်းရွက်ဆီ အမျိုးမျိုးတို့ကို စူးစမ်းဖော်ထုတ်သုတေသနပြုပြီး စမ်းသပ်သုံးစွဲနေကြပေပြီ။

စာမျက်နှာ ၉ ကော်လံ ၁ ✳

နန်ချိုချောင်းနှင့် ရေလွှဲရေထုတ်မြောင်းတို့ကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

ရေသွယ်ဥမင်လိုဏ်နှင့် ရေတံလျှောက်တံတားထောက်မည့် ကွန်ကရစ်တိုင် တည်ဆောက်ရန် စလူချောင်းတွင် မြေကြီးကျောက်သား တူးဖော်ထားမှုကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - ဓာတ်ပုံမောင်မောင်
စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်)

ရာသီကူးပြောင်းချိန် ကြက်ရောဂါမဖြစ်ပွားရေး ဌာနဆိုင်ရာနှင့်ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ယခုအခါ ရာသီဥတုကူးပြောင်းချိန်ဖြစ်သဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ရာသီကူးပြောင်းချိန် ကြက်ရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားသည်။

နှစ်စဉ်ဆောင်းရာသီကာလများတွင် ကြက်လည်လိမ်၊ ကြက်လေပြွန်ရောင်၊ ကြက်ဆီဘူးရောင်၊ ကြက်ဘဲဝမ်းကျ၊ ကြက်ငှက်တုပ်ကွေး ရောဂါများ ကျရောက်ဖြစ်ပွားလေ့ရှိပြီး ရောဂါကျရောက်မှု ၊ ရောဂါသင်္ကေတလက္ခဏာများ၊ သေဆုံးမှုများ၊ ရောဂါတစ်ခုနှင့်တစ်ခု ရှုပ်ထွေးမှုများ ရှိတတ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သော ယခုကဲ့သို့ရာသီမျိုးတွင် ဆောင်းခိုငှက်များသည် ရောဂါဖြစ်စေသောဗိုင်းရပ်စ်ပိုးများကို သယ်ဆောင်လာတတ်ပြီး ကြက်၊ ငှက်၊ ဘဲများသို့ ကူးစက်စေနိုင်သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် နေပြည်တော်ပျဉ်းမနားမြို့နယ်၊ ၂၀၀၉ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတွင် ပြည်မြို့နယ်၊ အမရပူရမြို့နယ်၊ မဟာအောင်မြေမြို့နယ်များ၌ ကြက်နှင့်ငုံး မွေးမြူရေးခြံအချို့၌ ကြက်လည်လိမ်ရောဂါနှင့် အခြားကြက်ရောဂါများ ရောနှောဖြစ်ပွားခဲ့ဖူးသည်။

ယင်းသို့ဖြစ်ပွားရခြင်းအကြောင်းရင်းသည် ကာကွယ်ဆေးထိုးမှု လစ်ဟင်းခြင်း၊ ယခင်ထိုးခဲ့သော ကာကွယ်ဆေး၏အာနိသင်ကုန်ဆုံးချိန်၌ ဝင်ရောက်ကူးစက်လာသည့် ကြက်လည်လိမ်ရောဂါသည် သေပျောက်နှုန်းမြင့်မားပြီး ကူးစက်မှုမြန်ဆန်ခြင်းကြောင့် ဖြစ်ပေသည်။ ရောဂါကြိုတင်ကာကွယ်မှုအနေဖြင့် ကြက်နာများ စားသုံးသူ ဈေးကွက် မရောက်ရှိရေး၊ ပြည်သူ့ကျန်းမာရေးအတွက် ရောဂါဖြစ်သည့် ကြက်၊ ငုံးများ ဖျက်ဆီးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကြက်ရောဂါများမဖြစ်ပွားရန် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ဇီဝလုံခြုံမှုအတွက် ကြက်၊ ဘဲနှင့် အခြားတိရစ္ဆာန်များ ရောနှောမွေးမြူခြင်း မပြုရန်နှင့် ဇီဝလုံခြုံမှုအတွက် သင့်တင့်ကောင်းမွန်သောခြံများ တည်ဆောက်မွေးမြူကြရန်ဖြစ်သည်။ ကြက်ရောဂါပျံ့နှံ့မှု ကာကွယ်တားဆီးနိုင်ရေးအတွက် လုပ်ငန်းသုံးပစ္စည်းများ၊ ကြက်သယ်ဆောင်ယာဉ်၊ ထုပ်ပိုးကိရိယာများကို ပိုးသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ရမည် ဖြစ်သည်။

ပုံမှန်မဟုတ်သော ကြက်သေဆုံးမှုများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်များထံသို့ သတင်းပို့ကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ရာသီကူးပြောင်းချိန် ကြက်ရောဂါများမကျရောက်စေရန်၊ ရောဂါကူးစက်မှုလမ်းကြောင်းမှ ကူးစက်ခြင်းမျိုးမဖြစ်ပေါ်စေရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ သတိပေးနှိုးဆော်ချက်များကို မွေးမြူရေးဆောင်ရွက်နေသူများအနေဖြင့် သတိပြုလိုက်နာဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဘက်စုံလယ်ယာစိုက်ပျိုးရေးခြံနှင့် လျှပ်စစ်မီးဆောင်ရွက်မှု တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးသည် ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းက ကျိုင်းတုံ-မိုင်းလား ကားလမ်းဘေး ကတ်ဖကျေးရွာရှိ ဦးကျမော့၏ ဘက်စုံလယ်ယာစိုက်ပျိုးရေးခြံနှင့် ယင်းလှကျေးရွာရှိ ဦးစိုင်းစံ၏နေအိမ်၌ နွားချေးမှ ထုတ်လုပ်ရရှိသည့် ဇီဝလောင်စာစွမ်းအင်ဖြင့် ချက်ပြုတ်ခြင်းနှင့် လျှပ်စစ်မီးထွန်းညှိ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပသည့် ဆဋ္ဌမ အကြိမ် အနာကြီးရောဂါကင်းဝေးရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်သည်။

ဆုချီးမြှင့်

ယင်းနောက် တိုင်းမှူးသည် မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)က ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာ ထမနဲထိုး ပြိုင်ပွဲသို့ တက်ရောက်ပြီး ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၇-၂-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄:၁၅	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၂၅	၅။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄:၃၀	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၄၀	၇။	၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (သမိုင်း)
၅:၁၀	၈။	မျိုးချစ်တပ်မတော်
၅:၂၀	၉။	မြန်မာသံစဉ်ချိုနားဝင်
၅:၃၀	၁၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၅။	လျှပ်တစ်ပြက်
၆:၃၅	၁၆။	ကလေးတို့ကမ္ဘာပျော်ရွှင်စရာ
၇:၀၀	၁၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၅၄)
၈:၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	မိုးလေဝသသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	မွေးမြူသုတ
	၂၂။	ဗွီစီဒီကျော်ကြားတေးများ
	၂၃။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၃၇)

သန်လျင်-သာကေတ ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်း တည်ဆောက်ရေး စီမံကိန်း
လျှပ်စစ်(၂) ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းက သန်လျင်-သာကေတ KV 230 Twin Bundle Double Circuit Transmission Line ပဲခူးမြစ်ကျော် မဟာဓာတ်အားလိုင်းကြိုးဆွဲခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ ဝန်ကြီးအား စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အား ပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းမန်နေဂျာ အင်ဂျင်နီယာမှူးကြီး ဦးစောဝင်းမောင်က မဟာဓာတ်အားလိုင်း တည်ဆောက်ရေးဆိုင်ရာများနှင့် သန်လျင်-သာကေတ ကေဗွီ ၂၃၀ မဟာဓာတ်အားလိုင်း ပဲခူးမြစ်ကျော်တာဝါတိုင်အမှတ် ၉နှင့် ၁၆အကြား ကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်း လိုအပ်ချက်များကို မှာကြားသည်။

ကြွှခိုင်မှု

ထို့နောက် ဝန်ကြီးသည် တည်ဆောက်ပြီးစီးသော ပဲခူးမြစ်ကူးတာဝါတိုင်များကြံ့ခိုင်မှု၊ Puller Machine ဖြင့် Pilot ကြိုးဆွဲခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ Tensioner Machineများဖြင့် 605 MCM ACSR Conductor ကြိုးများအား ထိန်းချုပ်ပို့လွှတ်မှု၊ Hauling Block တပ်ဆင်နေမှုနှင့် တာဝါတိုင်အမှတ် ၉နှင့် ၁၆အကြား ပဲခူးမြစ်ကူးကြိုးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများ သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သန်လျင်-သာကေတ ကေဗွီ ၂၃၀ ပဲခူးမြစ်ကျော် မဟာဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၂ လျှပ်စစ်)

ပြည်ထောင်စုနေ့ ဂုဏ်ပြု ဒလမြို့နယ်တွင်ဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၁၆

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ဖေဖော်ဝါရီ ၉ရက် နံနက် ၁၀နာရီက အထက(၁) ဒလကျောင်းခန်းမ၌ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယကျောင်းအုပ်ကြီး ဦးသန်းထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံနှင့် နိုင်ငံတော်သစ်ဆီသို့ ခေါင်းစဉ်ဖြင့် ဟောပြောသည်။ **(အောက်ပုံ)**

အလားတူ ယင်းနေ့မွန်းလွဲ ၁နာရီတွင် အလက(၂)ကျောင်းခန်းမ၌ ပြည်ထောင်စုနေ့ ဟောပြောပွဲကို ကျင်းပခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် ဖေဖော်ဝါရီ ၈ရက်တွင် မင်းပြားမြို့နယ် အဝကျေးရွာအုပ်စု မင်းရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ မင်းရွာကျေးရွာ၊ မြစ်နားကျေးရွာနှင့် ထောင့်ချေကျေးရွာတို့မှ ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းက ကျေးရွာဆေးပေးခန်းပြုပြင်ရန် ငွေကျပ်ငါးသိန်းနှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ၅၃၈ ဒါဇင်ကိုလည်းကောင်း **(အောက်ပုံ)**၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဆေးနှင့် အဝတ်အထည်များ၊ ကျေးရွာစာကြည့်တိုက်များအတွက် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ကျောင်းသုံးဗလာစာအုပ်များကိုလည်းကောင်း ပေးအပ်ကြသည်။ **(သတင်းစဉ်)**

လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ အမှုဆောင်ပါမောက္ခချုပ် ဦးမော်သန်းက လက်မှတ်ရပြည်သူ့ စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန် လိုအပ်သော 'Financial Instruments: Presentation, Recognition and Measurement' ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဖေဖော်ဝါရီ ၂၂ရက်(တနင်္ဂနွေနေ့) နံနက်စနာရီတွင် အမှတ်၁၃၀ ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ Yuzana Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဖေဖော်ဝါရီ၁၈ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း အမှတ်၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၊ ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ဖြစ်ကြောင်း၊ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင် စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

ကန့်ဘလူမြို့ အင်ကြင်းဥယျာဉ်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေမြေသယံဇာတနှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေး ဂေဟစနစ် လေ့လာနိုင်ရေး ရည်ရွယ်ချက်များဖြင့် ၂၀၀၅ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သဘာဝအတိုင်း

အရှည် ပေ၁၂၀၊ လုံးပတ် ကိုးပေ၊ အရှည် ပေ၆၀၊ လုံးပတ် ၁၇ပေရှိ ရှေးနှစ်သန်း ၁၃သမစသန်းခန့် ကျောက်ဖြစ်ရုပ်ကြွင်း အင်ကြင်းပင်ကြီးနှစ်ပင်တို့ကို မူလတွေ့ရှိသည့် ပင်စည်၊ အကိုင်း၊ အခက်၊ အပွေး၊ အခေါက်မပျက် သဘာဝအတိုင်း ထိန်းသိမ်းပြသထားသည်။ ကျွန်း၊ ပိတောက်၊ ခရေ၊ သစ်ယာ၊ အင်ကြင်း၊ လုမ္ဗိနီအင်ကြင်း အပင်စုံစိုက်ပျိုးထားပြီး၊ ရွှေသမင်၊ ဆတ်၊ မျောက်၊ ယုန်၊ ပူး၊ ဥဒေါင်းငှက်၊ ကျေးငှက်၊ လင်းတငှက်နှင့် မိကျောင်း စသည့် သားငှက်တိရစ္ဆာန်များ မွေးမြူပြသထားသည်။

ပိတောက်မြစ်ဆုံ၊ ကျွန်းမြစ်ဆုံနှင့်သဘာဝကျောက်တုံးကြီးများ၊ အင်ကြင်းကျောက်တုံးကြီးများကို မြက်ခင်း၊ ပန်းခင်းတို့ဖြင့် (Landscape) ရှုခင်းအလှများ ပြုလုပ်ပြသထားသည်။ အပန်းဖြေလာရောက်သူများ၊ လေ့လာကြည့်ရှုသူများ၊ ကျောင်းသား ကျောင်းသူများဖြင့် စည်ကားလျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

❒ *ကျောဖုံးမှ*

ငါးမျိုးစိတ်အချို့မှာ ပူနွေးလာသော ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့၏အပူချိန်ကြောင့် အပူချိန်လျော့နည်းရာ ဝင်ရိုးစွန်းဒေသ ရေပြင်များသို့ ပြောင်းရွှေ့ကျက်စားခဲ့ကြသဖြင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများရှိလာကြောင်း၊ ပင်လယ်ရေမျက်နှာပြင်အောက် သန္တာကျောက်တန်းအချို့လည်း ပျက်စီးထိခိုက်မှုရှိနေကြောင်း ၎င်းတို့က ပြောကြားသည်။

ထိခိုက်ပျက်စီး

ကမ္ဘာ့သမုဒ္ဒရာနှင့် ပင်လယ်ရေပူနွေးလာမှုကြောင့် အဓိက ထိခိုက်စေသော ငါးများမှာ ငါးမန်းမျိုးစိတ်များ၊ အရွယ်အစားကြီးမားသည့် ငါးကြီးများ၊ အရွယ်အစား အလွန်သေးငယ်နေသည့် ငါးမျိုးစိတ်များမှာ စိုးရိမ်ဖွယ်ရာ ထိခိုက်ပျက်စီးလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ယခုအခါ မြောက်ဝင်ရိုးစွန်းဒေသ ရေပြင်များသို့ ပြောင်းရွှေ့နေထိုင်သော ငါးမျိုးစိတ်များမှာ စုစုပေါင်း ၁၀၀၀ခန့်ရှိရာ ရေပြင်အနေအထားပြောင်းလဲမှုကြောင့်လည်းကောင်း၊ ရေပြင်အပူအအေးမတူညီမှုကြောင့်လည်းကောင်း၊ အချိန်တိုအတွင်း သေဆုံးခဲ့သော ငါးမျိုးစိတ်များလည်း ရှိနေကြောင်း သိရသည်။

ပြောင်းရွှေ့နေထိုင်

ပူနွေးလာသော ပင်လယ်နှင့် သမုဒ္ဒရာများမှ အေးသည့် ရေပြင်များရှိရာ ပြောင်းရွှေ့နေထိုင်သော ငါးမျိုးစိတ်များမှာ နှစ်စဉ် ၁၀ရာခိုင်နှုန်းမျှ တိုးမြင့်နေလျက်ရှိရာ အချို့ငါးမျိုးစိတ်များ မျိုးသုဉ်းမှုအန္တရာယ်နှင့် ကြုံတွေ့နေရသည်။ ထိုသို့ ဝင်ရိုးစွန်း ဒေသရေပြင်များသို့ ပြောင်းရွှေ့နေထိုင်မှုကြောင့် လာမည့် ၂၀၅၀ပြည့်နှစ်တွင် အတ္တလန္တိတ်ဒေသမှ ငါးမျိုးစိတ် ထက်ဝက်ခန့် လျော့ကျသွားမည်ဖြစ်ကြောင်း သိရသည်။ ***(အင်တာနက်)***

သိန်းနီမြို့ နွယ်နီလမ်း ကတ္တရာလမ်းသစ်ဖွင့်

သိန်းနီ ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေး အဖွဲ့က (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော နွယ်နီလမ်း ကတ္တရာခင်းလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ရက် နံနက် ၉နာရီက အဆိုပါလမ်းမုခ်ဦး၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသိန်းထွန်းနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးသန့်စင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ အခမ်းအနားတွင် နွယ်နီလမ်း ကတ္တရာလမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးသန့်စင်နှင့် အမှုဆောင်အရာရှိ ဦးခင်စောတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စည်းလုံးချစ်ကြည် ရွှေပြည်သစ်ဆီသို့

သည်တစ်နေ့
နွားကွဲလျှင်
ကျားဆွဲထိုပုံပြင်နဲ့
တစ်ပင်စီ ကျူပင်ရိုး
အချိုးလွယ်သလိုပ
တကယ်ဆို အားမာန်ကောင်းတွေနဲ့
စည်းပေါင်းသော် ဘယ်မကျိုးနိုင်ဘု
အတိတ်ဆိုးသည်မှာ ပယ်လို့
ရန်သူရယ် မိတ်ဆွေမခွဲပါပဲ
လက်တွဲကာ ပြည်တော်သစ်ကိုလ
အခက်အခဲကျော် ရည်မျှော်လှစ်ကာ
အောင်စည်တွေ ဆော်ကာဟစ်ကာပေါ့
ပြည်ချစ်သူ ရန်ပယ်နှင်လို့
မြန်နယ်တစ်ခွင် ဘယာပစေပြီး
အေးမြစေသား။ ။

လှဝင်း(ကြို့ပင်ကောက်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ် တပို့တွဲလပြည့်ကျော်၈ ရက် (ဥပုသ်နေ့)

၁၇-၂-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၂၀ ၇။ အကပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၀ ၉။ **လူကူးမျဉ်းကျားမှကူးမယ်**
၈:၄၅ ၁၀။ နှောင်းခေတ်တေးပဒေသာ

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၃၅ ၄။ တေးဂီတအစီအစဉ်
၄:၅၀ ၅။ ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(သမိုင်းဘာသာရပ်)
၅:၁၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၂၀ ၇။ ကြားညှပ်သီးနှံဖရဲ
၅:၃၀ ၈။ ကြေးမုံရိပ်သွင်တေးနှယဉ်
၅:၄၅ ၉။ **မေတ္တာရေအမြင့် တင့်လေသည့် ရွှေကြာ**
ထွန်းထွန်း(Examplez)၊ မြတ်ကေသီအောင်၊ စိုးပြည့်သဇင် ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၁၅ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၅ ၁၃။ ဆိုလိုက်ကြစို့
၇:၂၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင့်ဆိုးဆိုးသူကိုယ့်ချစ်သူ** (အပိုင်း-၁၃)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မြတ်နှလုံးသားပိုင်ရှင်** (အပိုင်း-၂၈)
၁၉။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

(ရွှေမန်းသူ)မန္တလေး-ဗန်းမော်-မြစ်ကြီးနား တိုးချဲ့ယာဉ်လိုင်းသစ်ဖွင့်ပွဲကျင်းပ

မြစ်ကြီးနား ဖေဖော်ဝါရီ ၁၆

ကချင်ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီနှင့် ဗန္ဓုလ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက်တို့ပူးပေါင်းစီစဉ်သည့်(ရွှေမန်းသူ) မန္တလေး-ဗန်းမော်-မြစ်ကြီးနား တိုးချဲ့ယာဉ်လိုင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ရက် နံနက် ၈နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အဝေးပြေးယာဉ်ရပ်နားဝင်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးအောင်မြင့်နှင့် ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး မြစ်ကြီးနား-ဗန်းမော်(ရွှေမန်းသူ) ယာဉ်စီးနင်းကြသည့် ခရီးသည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ **(ဝဲပုံ)** ရွှေမန်းသူယာဉ်လိုင်းမှ မန္တလေး-ဗန်းမော်ခရီးစဉ်ကို ၂၀၀၂ တွင် စတင်ပြေးဆွဲခဲ့ပြီး ယခုအခါ ဗန်းမော်-မြစ်ကြီးနား ခရီးစဉ်ယာဉ်လိုင်းကို တိုးချဲ့ပြေးဆွဲခြင်းဖြစ်ကာ အဆင့်မြင့် မှန်လုံ၊ အဲယားကွန်းကားကြီးများဖြင့် မန္တလေးမှ မြစ်ကြီးနားသို့ အသွား၊ အပြန် တိုက်ရိုက် သွားရောက်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၅၅)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "နေပြည်တော်တွင် နိုင်ငံတကာအဆင့်မီ နက္ခတ်တာရာပြခန်းကြီး မကြာမီဖွင့်လှစ်တော့မည်၊ ဧရာဝတီလင်းပိုင်များကို ထိန်းသိမ်းစောင့်ရှောက်သင့်၊ ပုံမှန်ထက်လေးဆခန့် မြင်ကွင်းကျယ်သည့် တက္ကစီမီတာများ ဈေးကွက်သို့ရောက်ရှိ၊ အင်းလေးကန်သစ်ခွပန်းပြပွဲတွင် ရှားပါးသစ်ခွများပြသမည်၊ ဂုဏ်ပြုဆုရ မြန်မာသင်္ဘောကပ္ပတိန်၏ ပင်လယ်ပြင်အတွင်း လူ၁၅ဦးကို ကယ်တင်ခဲ့သည့် ဖြစ်စဉ်၊ ကမ္ဘာ့အရှားပါးဆုံး သစ်ခွမျိုးစိတ် ဖြစ်သော သစ်ခွနက်ကို မြန်မာတစ်နိုင်ငံတည်း၌ တွေ့နိုင်၊ နိုင်ငံပေါင်းတစ်ရာကျော်က ရွေးချယ်သည့် နိုင်ငံတကာခရီးသွားလုပ်ငန်း အကောင်းဆုံးဝန်ဆောင်မှုဆုကို မြန်မာနိုင်ငံမှ ရရှိ၊ နှစ်နှစ်အရွယ်ကလေးငယ်ရေအောက်၌ မိနစ် ၂၀ကြာ နစ်နေခဲ့သော်လည်း အသက်မသေ၊ လမ်းဖောက်လုပ်သူများက ဒိုင်နိုဆောခြေရာများတွေ့ရှိ၊ ဒူဘိုင်းဆိပ်ကမ်းအနီး ကုန်တင်သင်္ဘောနှင့် လောင်စာဆီတင်ငွေ့ရည် သင်္ဘောတိုက်မိ၍ မီးလောင်ပျက်စီး၊ ဒေါ်လာငါးသိန်းကို တောင်းသမျှလူတိုင်းအား ဝေငှပေးနေသူ၊ ခေတ်သစ်တာဇံက ကျားသစ်ငါးကောင်နှင့်အတူနေထိုင်၊ အဆိပ်ငွေ့များထုတ်လွှတ်နေသည့် အစိမ်းရောင်တောက်ပနေသော ကြယ်တာရာတစ်ခု ကမ္ဘာ့ဆီသို့ ဦးတည်လာနေဟုဆို၊ ကမ္ဘာ့အမွေးအထူဆုံး မိသားစု၊ ၁၂ နှစ်သားလေး စစ်တုရင်ဂရင်းမာစတာဖြစ်လာ၊ အသည်းနှလုံးပုံရှိသော ချစ်သူများကျွန်းကို စိတ်ဝင်စားနေကြ၊ အိုဘားမား၏ဇနီး ကမ္ဘာ့အကျော်ကြားဆုံး ဖက်ရှင်မဂ္ဂဇင်း၏ မျက်နှာဖုံးရှင်ဖြစ်လာ၊ ယာဉ်တိုက်မှုဖြစ်ပွား၍ ကမ္ဘာ့လက်သည်းအရှည်ဆုံးလူသား၏ ၂၈ပေရှည်သည့် လက်သည်းများ ကျိုးသွားခဲ့ရ၊ သစ်ပင်လူသား ထပ်မံခွဲစိတ်ခံရပြန်၊ အာကာသသမိုင်းတွင် ပထမဆုံးအကြိမ်ဂြိုဟ်တုနှစ်စင်းတိုက်မိခဲ့ပြီးနောက် အပိုင်းအစများ ကောင်းကင်မှကျလာ၊ နွားကျင်ငယ်ရည်ဖြင့်ပြုလုပ်သော ကျန်းမာရေးနှင့်ညီညွတ်သည့် အအေးပုလင်းများထုတ်လုပ်မည်။ လက်နက်များတင်ဆောင်ထားသည့် ဈူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောနှစ်စင်းရေအောက်၌တိုက်မိ စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ထည့်သွင်းဖော်ပြထားကြောင်းနှင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်ဆည်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ကျောက်ဆည်အသင်း(ရန်ကုန်) ၏ သတ္တမအကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဖေဖော်ဝါရီ၂၁ရက်(စနေနေ့) နံနက် ၉နာရီတွင် ကျောက်ဆည်အသင်း(ရန်ကုန်)ရုံးတည်ရှိရာ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းနှင့် ရေတာရှည်လမ်းသစ်ထောင့်ရှိ ကျောက်ဆည်မွှောရုံဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်မေးမြန်း

အသင်းဝင်များထံသို့ ဖိတ်ကြားစာနှင့်အတူ နှစ်ပတ်လည်အစီရင်ခံစာများ ပေးပို့ထားပြီးဖြစ်ကြောင်း၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အသင်းဝင်မဟုတ်သော်လည်း စိတ်ပါဝင်စားသော ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦးမြို့နယ်တို့မှ ကျောက်ဆည်ခရိုင်ဒေသဖွားများလည်း တက်ရောက်နိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက အသင်းရုံး ဖုန်း-၀၁-၅၅၂၇၃၆သို့ စုံစမ်းဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင် တာ နက် ကျန်း မာ ရေး

စူးရှသော အလင်းတန်းများနှင့် ထိတွေ့လေ့ရှိသူများ အသက်အရွယ်ရလျှင် ပါကင်ဆန်ရောဂါဖြစ်ပွားနိုင်

စူးရှသောအလင်းတန်းများကို အမြဲတမ်း ထိတွေ့ရလေ့ရှိသူများ အသက်အရွယ်ရလာသည့်အခါ ပါကင်ဆန်ရောဂါဖြစ်ပွားမှုအခွင့်အလမ်းများကြောင့် အမေရိကန် သုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ထိခိုက်ပျက်စီးနိုင်

အလင်းအားများသော မီးလုံးများ၊ နေပူရှိန်ပြင်းထန်ချိန် သွားလာလုပ်ရှားသူများ၊ ဂဟေဆော်သူများနှင့်အလင်းတန်းအားများသည့် ကွန်ပျူတာဖန်သားပြင်ကို ကြည့်ရှုရလေ့ရှိသူများမှာ ဦးနှောက်အတွင်း ဆဲလ်များ ထိခိုက်ပျက်စီးနိုင်သဖြင့် အသက်အရွယ်ရလာသောအခါ ပါကင်ဆန်ရောဂါရရှိနိုင်ကြောင်း သတိပေးထားသည်။

သတိပြုရှောင်ရှား

ပါကင်ဆန်ရောဂါဖြစ်ပွားမှုမှာ ဦးနှောက်ဆဲလ်များ ပျက်စီးမှုများပြားခြင်းနှင့်ဆက်စပ်လျက်ရှိရာ ဦးနှောက်ဆဲလ်များ ထိခိုက်ပျက်စီးမှုနည်းပါးစေရန် စူးရှပြင်းထန်သော အလင်းတန်းများ တိုက်ရိုက်ထိတွေ့မှုမှ သတိပြုရှောင်ရှားနေထိုင်သင့်ကြောင်း ၎င်းတို့က အကြံပြုထားသည်။

ပါကင်ဆန်ရောဂါဖြစ်ပွားသူ ၂၀၀၀အား သုတေသနပြုကြည့်ရာ ၅၀ရာခိုင်နှုန်းခန့်သည် ဦးနှောက်ဆဲလ်များ ပျက်စီးမှု များသူများဖြစ်နေကြကြောင်း တွေ့ရှိရသည်ဟု အမေရိကန်သုတေသနပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ရုရှား-အီရန် စစ်ရေးဆိုင်ရာ နည်းပညာ ပူးပေါင်းဆောင်ရွက်

တီဟီရန် ဖေဖော်ဝါရီ ၁၆

ရုရှားနှင့်အီရန်နှစ်နိုင်ငံတို့ စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးကို မော်စကိုမြို့၌ ကာကွယ်ရေး ဝန်ကြီးတို့ တွေ့ဆုံစဉ် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း ဖေဖော်ဝါရီ၁၅ ရက်တွင် ဒေသဆိုင်ရာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ပြောကြား

မော်စကိုမြို့သို့ ရောက်ရှိနေသော အီရန်နိုင်ငံမှ ကာကွယ်ရေးဝန်ကြီးက စစ်ရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှုကို နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးပြီး အရှေ့အလယ်ပိုင်းဒေသများ တည်ငြိမ်အေးချမ်းရေး တိုးမြှင့်ဆောင်ရွက်သွားရန် ထည့်သွင်းပြောကြားသွားသည်။

(အင်တာနက်)



တရုတ်နိုင်ငံ၏ အန္တာတိကရေခဲခွဲသင်္ဘောဖြင့် လိုက်ပါလာသော တရုတ်အမျိုးသား ၂၅ ဦးပါဝင်သည့် အန္တာတိကလေ့လာရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်က ပရိုက်ဇ် ပင်လယ်အော်နှင့် အမာရီရေခဲတောင်အနီးတွင် ကျောက်ချကာ သင်္ဘောအတွင်း၌ နည်းပညာဆိုင်ရာ စမ်းသပ်မှုများ ပြုလုပ်နေသည်ကိုတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အမေရိကန်၏ ပြည်တွင်းဖြစ်သုံးစွဲရေး သတ်မှတ်ချက် နိုင်ငံ့စီးပွားရေးကို ထိခိုက်ပျက်ပြားစေမည်ဟုဆို

ဝါရှင်တန် ဖေဖော်ဝါရီ ၁၆

စီးပွားရေးနိုးထရေးအစီအစဉ်မှ ပြည်တွင်းဖြစ်သုံးစွဲရေး စည်းကမ်းချက်များက အမေရိကန်စီးပွားရေးကို ထိခိုက်နိုင်ပြီး ကုန်သွယ်ရေးစစ်ပွဲကို ဦးတည်စေသည်ဟု အမေရိကန်စားသုံးသူ အီလက်ထရွန်နစ်အသင်း(စီအီးအေ)က ဖေဖော်ဝါရီ ၁၃ရက်တွင် သတိပေးလိုက်သည်။

စီးပွားရေးပြန်လည် နိုးထရေးဥပဒေကြမ်းပါ ပြည်တွင်းဖြစ်သုံးစွဲရေး သတ်မှတ်ချက်များကြောင့် အမေရိကန်နိုင်ငံအနေဖြင့် ကိုယ်ကြိုးစီးပွားကာကွယ်ရေးနှင့်စီးပွားရေးဆိုင်ရာ အမျိုးသားဦးစားပေးသည့် အတိတ်က အမှားကို ပြန်လည်ပြုလုပ်မည့်လက္ခဏာတစ်ရပ်အဖြစ် ပြသနေသည်ဟု ကမ္ဘာတစ်ဝန်းရှိ ကုန်သွယ်ဖက်နိုင်ငံများက ထင်မြင်လာဖွယ်ရှိကြောင်း စီအီးအေဥက္ကဋ္ဌနှင့် အုပ်ချုပ်ရေးအရာရှိချုပ် ဂယ်လီရှာပီရိုက ပြောကြားလိုက်သည်။

တားမြစ်ပိတ်ပင်

အမေရိကန်ဒေါ်လာ ၇၈၇ဘီလီယံ သုံးစွဲမည့် စီးပွားရေးနိုးထရေးအစီအစဉ်ကို အမေရိကန်ကွန်ဂရက်က အတည်ပြုပေးလိုက်ပြီဖြစ်သည်။ အဆိုပါဥပဒေကြမ်းမှ အချို့သော သတ်မှတ်ချက်တွင် ဤစီမံကိန်းက ငွေကြေးထောက်ပံ့သည့် ပြည်သူ့လုပ်ငန်းစီမံကိန်းများ၌ နိုင်ငံခြားဖြစ် သံ၊ သံမဏိနှင့် ကုန်ချောပစ္စည်းများ သုံးစွဲမှုကို တားမြစ်ပိတ်ပင်ထားသည်။

အမေရိကန်စီးပွားရေးကို နိုးထစေမည့်အစားထိုး သတ်မှတ်ချက်များက ပြည်ပနိုင်ငံများ၏ လက်တုံ့ပြန်မှုကို ဖိတ်ခေါ်သလို ဖြစ်လိမ့်မည်ဟုလည်း ဂယ်ရီရှာပီရိုက ဝေဖန်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

စီးပွားရေးပြန်လည်နိုးထရေး ဥပဒေကြမ်းအတည်ပြုမှု သမိုင်းမှတ်တိုင်အဖြစ် အိုဘားမားပြောကြား

ဝါရှင်တန် ဖေဖော်ဝါရီ ၁၆

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အမေရိကန်ဒေါ်လာ ၇၈၇ဘီလီယံ သုံးစွဲမည့် စီးပွားရေးနိုးထရေး ဥပဒေကြမ်းကို ဒင်ဗာ၌ ဖေဖော်ဝါရီ၁၇ရက်တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ အိမ်ဖြူက ဖေဖော်ဝါရီ ၁၄ ရက်တွင် ကြေညာသည်။

အတည်ပြု

အဆိုပါဥပဒေကြမ်းကို အမေရိကန်ကွန်ဂရက်က အတည်ပြုလိုက်ခြင်းမှာ စီးပွားရေး နာလန်ထူရေးလမ်းကြောင်းတွင် ကြီးမားသည့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် သမ္မတအိုဘားမားက ချီးကျူးပြောကြားလိုက်သည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်၌ သေဆုံးသည့်ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၁၄၄ ဦး ရှိသွားပြီ

လန်ဒန် ဖေဖော်ဝါရီ ၁၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဗြိတိသျှတော်ဝင် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး ရန်သူ့လက်ချက်ဖြင့် သေဆုံးသွားကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် ကြေညာသည်။

အဆိုပါ မရိန်းတပ်ဖွဲ့ဝင်မှာ ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ သေဆုံးခြင်းသည် သတ္တမမြောက် ဗြိတိသျှတပ်ဖွဲ့ဝင်ဖြစ်သည်။

ကျူးကျော်ဝင်ရောက်

၂၀၀၁ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံအား နိုင်ငံခြားတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်ပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံ၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေမှာ စုစုပေါင်း ၁၄၄ဦး ရှိသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသည့် ၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပန်းပြပွဲ တစ်နေရာကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။

(ယင်းပြပွဲ၌ နိုင်ငံပေါင်း ၂၀ မှပန်းအမျိုးပေါင်း ၃၀၀၀ခန့် ပါဝင်ပြသထားသည်။) **(အင်တာနက်ဓာတ်ပုံ)**

အမေရိကန်တို့ ဒုံးကျည်ဖြင့်ပစ်မှု စစ်သွေးကြွ ၂၅ ဦး သေဆုံး

ဝါနာ ဖေဖော်ဝါရီ ၁၆

ပါကစ္စတန်နိုင်ငံ တောင်ဝါဇီရစ္စတန်ဒေသအတွင်း ဖေဖော်ဝါရီ ၁၄ရက်က အမေရိကန်ဒုံးကျည် ပစ်ခတ်မှုကြောင့် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်သွယ်နေသည့် စစ်သွေးကြွ ၂၅ဦး သေဆုံးကြောင်း လုံခြုံရေးနှင့် တာလီဘန်တာဝန်ရှိသူများက ပြောကြားသည်။

ပစ်ခတ်တိုက်ခိုက်

အာဖဂန်နစ္စတန်နယ်စပ် အနီးရှိ ထိုဒေသအတွင်း အမေရိကန်သမ္မတဘားရက်အိုဘားမား ပြီးခဲ့သည့်လက စတင်ရာထူး လက်ခံပြီးနောက်ပိုင်းတွင်မောင်းသူမဲ့ အမေရိကန်ထောက်လှမ်းရေး လေယာဉ်က တတိယအကြိမ် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

လေယာဉ်ပျက်ကျရာတွင် အသက်ရှင်ကျန်ရစ်သူများ ဘရာဇီးရဲတပ်ဖွဲ့ရှာဖွေတွေ့ရှိကယ်ဆယ်နိုင်ခဲ့

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၁၆

ဘရာဇီးနိုင်ငံ မင်နက်စ်ဂီရာအစ်ပြည်နယ် ပါရာဒီမင်နက်စ်ဒေသတွင် ဖေဖော်ဝါရီ ၁၄ ရက်က အင်ဂျင်နှစ်လုံးတပ် လေယာဉ်ပျက်ကျမှု၌ အသက်ရှင်ကျန်ရစ်သူသုံးဦးအား ယင်းနေ့နှောင်းပိုင်း၌ ရဲတပ်ဖွဲ့က ရှာဖွေတွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၁၅ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

ရှာဖွေတွေ့ရှိ

အဆိုပါ အသက်ရှင်ကျန်ရစ်သူ သုံးဦးအား သာမန်ဒဏ်ရာဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့သည် လေယာဉ်ပျက်ကျရာအရပ်မှ ထွက်ခွာခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါလေယာဉ်သည် ဂီယာချို့ယွင်းမှုကြောင့် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ ပျက်ကျစဉ် လေယာဉ်၏ စက်ဖွဲ့စည်းမှုစနစ်လည်း ပျက်စီးခဲ့ကြောင်း အသက်ရှင်ကျန်ရစ်သူ လေယာဉ်မှူးက ရဲတပ်ဖွဲ့အား ထုတ်ဖော်ပြောကြားသည်။

လေယာဉ်ပျက်ကျ

လွန်ခဲ့သည့် ရက်သတ္တပတ်က အမေဇုန်မြစ်ကမ်းနံဘေးရှိ အမေဇုန်တောတွင်းသို့ အင်ဂျင်နှစ်လုံးတပ် လေယာဉ်ပျက်ကျခဲ့ရာ ၂၀ကျော် သေဆုံးခဲ့သည်။

(အင်တာနက်)

ကားဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ပီဆာဝါမြို့၌ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

မက္ကဆီကိုနိုင်ငံ စားသောက်ဆိုင်အတွင်း၌ ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွား

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၆

မက္ကဆီကိုနိုင်ငံ ဂွါလာကိုပြည်နယ် အနောက်တောင်ပိုင်းဒေသရှိ စားသောက်ဆိုင်တစ်ဆိုင်အတွင်း၌ သေနတ်သမားများက ပစ်ခတ်တိုက်ခိုက်ရာ ခုနစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ဖေဖော်ဝါရီ ၁၅ရက်တွင် ဒေသအာဏာပိုင်အဖွဲ့က ပြောကြားသည်။

သေဆုံး

ယင်းဖြစ်ပွားမှုသည် ဖေဖော်ဝါရီ ၁၄ရက်က သေနတ်သမားများသည် ရတ်တရက်စားသောက်ဆိုင်အတွင်း စီးနင်းဝင်ရောက်လာပြီး ဆိုင်ပိုင်ရှင်နှင့် အလုပ်သမားများအား ပစ်ခတ်ခဲ့ရာ၌ အမျိုးသားငါးဦးနှင့် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့သည်။

စုံစမ်းစစ်ဆေး

အဆိုပါဖြစ်မှုကျူးလွန်မှုကို စုံစမ်းစစ်ဆေးလျက်ရှိရာ မက္ကဆီကိုနိုင်ငံရှိ မူးယစ်ဂိုဏ်းအဖွဲ့များ သောင်းကျန်းမှု အဆိုးရွားဆုံး ဖြစ်ပေါ်လျက်ရှိရာဒေသဖြစ်ကြောင်း သက်ဆိုင်ရာက ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲ ဆက်လက်ကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၄ ရက် ည ၇ နာရီခွဲက နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ကဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီးတို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ကြည့်ရှုအားပေး

အဆိုပါ ဂုဏ်ပြုဖျော်ဖြေပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အောင်ပါစေနှင့် စည်းလုံးစို့လေသွေးချင်းဒို့ရဲ့ပြည် သီချင်းတို့ဖြင့်လည်းကောင်း၊ ကချင်တိုင်းရင်းသား တိုင်းရင်းသူများက စည်းလုံးညီညွတ်သော ပြည်ထောင်စု၊ ကယားတိုင်းရင်းသား တိုင်းရင်းသူများက ချစ်ကြည်ရေး၊ ကရင်တိုင်းရင်းသား တိုင်းရင်းသူများက ပြည့်ဖြိုးဝေစည်ဒို့မြန်ပြည်၊ ချင်းတိုင်းရင်းသား တိုင်းရင်းသူများက ပြည်ထောင်စုရဲ့နှလုံးသား၊ မွန်တိုင်းရင်းသား တိုင်းရင်းသူများက ပြည်ထောင်စုအားမာန်၊ ရခိုင်တိုင်းရင်းသား တိုင်းရင်းသူများက လှပေါင်းစုံညီရခိုင်မြေ၊ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူများက ဦးတည်ချက်ဆီတွဲလက်ညီနှင့် တနင်္သာရီတိုင်းမှ တိုင်းရင်းသား တိုင်းရင်းသူများက တနင်္သာရီမြေကိုလာလည်ပါအဆွေ သီချင်းတို့ဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။

သီဆိုဖျော်ဖြေ

ဆက်လက်၍ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မင်းသမီးဝင်းမော်ဦး ခေါင်းဆောင်သော ရွှေမြန်မာအငြိမ့်အဖွဲ့က ရှာစားဦးစံရင် ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ကပြဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုဖျော်ဖြေမှုကြည့်ရှုအားပေး

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီးတို့ ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မွေးမြူရေးခြံများ ကြည့်ရှုစစ်ဆေး

ရောဂါမဖြစ်ပွားစေရေး ကြိုတင်စီမံထားရေးမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ယမန်နေ့မွန်းလွဲ ၁နာရီက နေပြည်တော်တပ်ကုန်းမြို့နယ် ကံကြီးကျေးရွာ မွေးမြူရေးဇုန် အမှတ်(၁)ရှိ ဦးဝင်းရွှေ၏ နို့စားနွားမွေးမြူရေးခြံ၊ ဆိတ်မွေးမြူရေးခြံနှင့် သိုးမွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး ရာသီကူးပြောင်းချိန် တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ရောဂါများ မဖြစ်ပွားရအောင် ကြိုတင်စီမံထားရေး မှာကြားကာ CP ဆိတ်မွေးမြူရေးခြံကိုသွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် နေပြည်တော်တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာမွေးမြူရေးဇုန်အမှတ်(၂)ရှိ မန္တလေးတိုင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ နို့စားနွားမွေးမြူရေးခြံ၊ ဦးမောင်မောင်လွင်၏ နို့စားနွားမွေးမြူရေးခြံနှင့် နန်းဝေနို့ချက်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး နို့ချက်စက်ရုံများ၌ အစားအသောက်ထုတ်လုပ်ခြင်းဆိုင်ရာ စည်းကမ်းဥပဒေများကို လိုက်နာဆောင်ရွက်သွားရန်၊ ဘေးဥပါဒ်အန္တရာယ်ကင်းစွာ စားသောက်နိုင်ရေးစီမံဆောင်ရွက်သွားရန်နှင့်တာဝန်ရှိသူများက စဉ်ဆက်မပြတ် စစ်ဆေးသွားရန် မှာကြားသည်။

မှာကြား

ညနေပိုင်းတွင် ဝန်ကြီးသည် နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ နို့စားနွားမွေးမြူရေးခြံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နို့နှင့်နို့ထွက်ပစ္စည်းများမှ လူကိုကူးစက် ရောဂါမကျရောက်အောင် ဂရုစိုက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုံးခွမြို့နယ်အသင်း(ရန်ကုန်)

နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သုံးခွမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

စာရင်းပေးပို့

သက်ကြီးပူဇော်ပွဲတွင်အသက်(၇၅)နှစ်အထက် အသင်းဝင်များအား ပူဇော်ကန်တော့မည်ဖြစ်ပြီး ၂၀၀၇-၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ အသင်းဝင် သားသမီးများနှင့် နိုင်ငံတော်အဆင့် ပညာရေး၊ လူမှုရေး၊ အားကစား၊ စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင် စသည်တို့တွင် ထူးချွန်သူများ၊ ဂုဏ်ထူးဘွဲ့ ထူးရရှိသူ အသင်းဝင်များ၊ မြို့နယ်သူ မြို့နယ်သားအား ဆုချီးမြှင့်မည်ဖြစ်ရာ သုံးခွမြို့နယ်အသင်းဥက္ကဋ္ဌ ဦးမြသိန်း ဖုန်း-၆၆၁၃၇၉၊ ဦးစောလှိုင် (လုကမ္ဘာပရိဘောဂ)ဖုန်း-၂၉၁၃၁၁၊ ဦးအုန်းကြွယ် ဖုန်း-၂၉၀၅၉၃၊ ဦးအောင်သန်းစိုး ဖုန်း-၀၉-၅၁-၇၁၀၃၁၊ ဦးအောင်သန်း ဖုန်း-၀၉-၅၁-၀၁၀၉၈နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်စာရင်း ပေးပို့ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုဆုချီးမြှင့်

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ပညာသင်နှစ်၏ မိဘဆရာအသင်း ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ သူငယ်တန်းမှတတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်ကျော်မောင်မောင်ချမ်းမြေ့အား ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ကစ်တီက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၁၂၃)

ဟော်ကီနည်းပြသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ဖွင့်လှစ်သည့် ဟော်ကီနည်းပြသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၄ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူဟော်ကီကွင်း၌ ကျင်းပရာ ရှေးဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးထင်ဇော်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ Mr. Khawaja Mohammad Awais က သင်တန်းပို့ချခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

သင်တန်းဆင်းလက်မှတ်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို အသီးသီးပေးအပ်ကြသည်။**(အပေါ်ပုံ)**

တက်ရောက်

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၁ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းနည်းပြအဖြစ် အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်မှ ရွေးချယ်တာဝန်ပေးအပ်သည့် ပါကစ္စတန်နိုင်ငံသား နည်းပြဆရာက လာရောက်သင်ကြားပို့ချခြင်းဖြစ်ကာ ယင်းသင်တန်းသို့ သင်တန်းသား ၃၃ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှုကုန်ထုတ်အသင်းဗဟိုအလုပ်အမှုဆောင်များ

အထူးစီးပွားရေးဇုန်

ဆွေးနွေးပွဲတက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဂျပန်နိုင်ငံအခြေစိုက် The Association For Overseas Technical Scholarship (ATOS)က ကြီးမှူးကျင်းပမည့် Special Economic Zone (SEZ) Development for CLMV Countries ဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအေးလွင် (ဥက္ကဋ္ဌ ဒဂုံဆိပ်ကမ်း စက်မှုဇုန်)၊ ဦးအေးထွန်း (အမှုဆောင် လှိုင်သာယာစက်မှုဇုန်)နှင့် ဦးအောင်ကြည်စိုး (ဗဟိုအလုပ်အမှုဆောင်၊ မန္တလေးတိုင်း၊ ကုန်သည်/စက်မှုအသင်း)တို့သည် ယမန်နေ့ နံနက်ပိုင်းက ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း စက်နှင့်စက်ကိရိယာ ထုတ်လုပ်မှုစက်ရုံ (မြိုင်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❑ ရှေ့ဖုံးမှ

စက်ပစ္စည်းများ တပ်ဆင်နေမှု၊ Sheet Metal & Painting Shop, Heat Treatment Shop, Foundry Shop နှင့် Pattern Making Shop တို့၌ လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ စက်ရုံစုဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ မိမိတို့တာဝန်ယူထုတ်လုပ်ရသည့် စက်အစိတ်အပိုင်းများကို Workmanship ကောင်းအောင်ထုတ်လုပ်ရန်၊ တီထွင်ဆန်းသစ်မှုများ အစဉ်ဆောင်ရွက်ရန်နှင့် ထုတ်ကုန်များအပေါ် အစဉ် Review ပြုလုပ်နေကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော် ရွှေသက်န်းကပ်လှူရန် ရွှေပြားများ ပဋ္ဌမအကြိမ် လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော် ရွှေသက်န်းကပ်လှူရန် ရွှေပြားများ ပဋ္ဌမအကြိမ် လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲ ၁နာရီတွင် အဆိုပါစေတီတော်ကုန်းတော်ရှိ မဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေ ရှာဖွေရေးကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

လှူဒါန်း

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က သုံးကျပ်သား ရွှေပြား တစ်ချပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ဇနီး ဒေါ်ဝင်းဝင်းနွဲ့နှင့် သားသမီးများက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဇနီး ဒေါ်မြသန်းနှင့် ဝန်ကြီးရုံးမိသားစုများက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဇနီး ဒေါ်လှလှမြင့်နှင့် ဝန်ကြီးရုံးမိသားစုများက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ်၊ ဇနီး ဒေါ်ငွေငွေသန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မိသားစုများက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ပြန်ကြားရေးဝန်ကြီးဌာန မိသားစုများက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်း မိသားစုများက သုံးကျပ်သား ရွှေပြား သုံးချပ်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ် မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ တရားရုံးချုပ် တရားသူကြီး ဦးစန်းတင့်ရီနှင့် ဇနီး ဒေါ်ချိုချိုဆတ် မိသားစုက တစ်ကျပ်သား ရွှေပြား တစ်ချပ်၊ တရားရုံးချုပ်(မန္တလေး) တရားရုံးချုပ် တရားသူကြီး ဦးမြင့်အောင်နှင့် ဇနီး ဒေါ်လှလှသန်း မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ တရားရုံးချုပ် တရားသူကြီး ဦးစိန်လှိုင်၊ ဇနီး ဒေါ်မြင့်ကြည် မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ တရားရုံးချုပ် တရားသူကြီး ဦးသက်ထွန်းနှင့်ဇနီး အကယ်ဒမီ ဒေါ်တင်တင်နွဲ့ မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ တရားရုံးချုပ် တရားသူကြီး ဦးကျော်ဝင်းနှင့် ဇနီး ဒေါ်လှလှကျော် မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်မောင်မောင်အုန်းနှင့် ဇနီး ဒေါ်ခင်ဆွေဝင်း မိသားစုက တစ်ကျပ်သား ရွှေပြား တစ်ချပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်တပ်များရှိ အရာရှိ စစ်သည် မိသားစုများက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယအင်ဂျင်နီယာချုပ် (လမ်း) ဦးသန်းညွန့် (စီမံထုံးချွန် ဒုတိယဆင့်)နှင့် ဇနီး ဒေါ်ခင်အုန်းမြင့် မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနမှ ဦးခင်ကြူးနှင့် ဇနီး ဒေါ်မာမာလူ မိသားစုက သုံးကျပ်သား ရွှေပြား တစ်ချပ်၊ ဗိုလ်မှူးသန့်ဇော်ဦးနှင့် ဇနီး ဒေါ်ဖြိုးသီရိခင်၊ ဦးနိုင်အောင်အေးနှင့် ဇနီး ဒေါ်စောမြတ်မွန်၊ ဗိုလ်ကြီးရဲထွန်းနောင်နှင့် ဇနီး ဒေါ်ဖြိုးဟေမာခင် မိသားစုက သုံးကျပ်သားရွှေပြားတစ်ချပ်၊ ကွယ်လွန်သူ ဒေါ်နန်းပန်းကျင်အား ရည်စူး၍ ရဲမှူး သန်းမြင့်(ငြိမ်း)မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ကွယ်လွန်သူ မိခင်ကြီး ဒေါ်ခင်ရီအား ရည်စူး၍ နေပြည်တော် ပျဉ်းမနားနေ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ဝင်းဝင်းသီ မိသားစုက တစ်ကျပ်သား ရွှေပြား တစ်ချပ်၊ နှစ်ဖက်သောမိဘများအမှူးထား၍ ဦးမောင်ကိုနှင့် ဇနီး ဒေါ်ရွှေဥ ရွှေညြ ရွှေဆိုင်နှင့် ထာဝရကုမ္ပဏီ လီမိတက်က သုံးကျပ်သား ရွှေပြားငါးချပ်၊ နေပြည်တော် ပျဉ်းမနားနေ ဦးလပ်ကီးနှင့်ဇနီး ဒေါ်နီနီဝင်း မိသားစု ဖြိုးဖြိုးကြွယ် အီလက်ထရွန်နစ်ဆိုင်က သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဦးဇော်မင်းဦးနှင့် ဇနီး ဒေါ်အိဟန်နီငွေး မိသားစု Myanmar Technology Gateway Co., Ltd. က သုံးကျပ်သား ရွှေပြားတစ်ချပ်၊ နှစ်ဖက်သောမိဘများ အမှူးထား၍ ဦးအောင်ကျော်ဖြိုးနှင့် ဇနီး ဒေါ်အိဖြူစင်ငွေး မိသားစုက သုံးကျပ်သား ရွှေပြားတစ်ချပ်၊ ဗိုလ်မှူးကြီးအောင်ငြိမ်း (ငြိမ်း)နှင့် ဇနီး ဒေါ်စန်းစန်းလွင် မိသားစုက တစ်ကျပ်သား ရွှေပြားတစ်ချပ်၊ ဦးနော်အောင်နှင့် ဇနီး ဒေါ်နန်းဖောင်းလှိုင် အောင်ချမ်းသာကုမ္ပဏီ မိသားစုက သုံးကျပ်သား ရွှေပြားသုံးချပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက လက်ခံကြပြီး ဂုဏ်ပြုလွှာများကို ပြန်လည် ပေးအပ်ကြသည်။

ယနေ့ အခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသော အလှူရှင် ဗိုလ်ကြီး ဟန်ဝင်းအောင်နှင့် ဇနီး ဒေါ်ယဉ်သူဇာသိန်း တို့က တစ်ကျပ်သား ရွှေပြားတစ်ချပ်နှင့် မြို့နယ်အသီးသီးမှ စေတနာအလှူရှင်၂၅ဦး အပါအဝင် စေတနာရှင် အလှူရှင် ၅၁ဦး က သုံးကျပ်သား ရွှေပြား၂၉ချပ်၊ တစ်ကျပ်သား ရွှေပြား၂၉ချပ်တို့ကို လှူဒါန်းခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံဖောင်ဒေးရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ကြီးမှူး အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ရုံးစိုက်သော အာဆီယံဖောင်ဒေးရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ကြီးမှူး၍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများကို ပိုမိုနားလည်သဘောပေါက်လာစေရန်၊ သက်ဆိုင်ရာ စီမံကိန်းများကို အဆိုပြု ပေါ်ထွက်လာစေရန်နှင့် စီမံကိန်းများကို အားပေးကူညီ ထောက်ပံ့ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေပြင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပသည်။

(အောက်ပုံ)

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အာဆီယံဖောင်ဒေးရှင်းမှ Ms. Renelle Ivy Adan ၊ Mr. Ade Cahyadi နှင့် အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းတို့က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံကိန်းများကို ပိုမိုနားလည်သဘောပေါက်လာစေရန်၊ သက်ဆိုင်ရာ စီမံကိန်းများကို အဆိုပြုပေါ်ထွက်လာစေရန်နှင့် စီမံကိန်းများကို အားပေးကူညီ ထောက်ပံ့ရန်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေး တင်ပြကြသည်။

ရှင်းလင်းဖြေကြား

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ သိလိုသည်များကို တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း **အင်တာနက် သဘာဝဘေး ဖောင်ပိတ်သတင်း**

ကယ်လီဖိုးနီးယားပြည်နယ်၌ မုန်တိုင်းတိုက်ခတ် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းမများပိတ်ထားရ

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၆

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းတွင် ဖေဖော်ဝါရီ၁၆ရက်က မုန်တိုင်းတိုက်ခတ်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် အဝေးပြေးလမ်းမကြီး အချို့ သွားလာမှုပိတ်ထားရကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။

တစ်နာရီလျှင် ၇၂မိုင်နှုန်းတိုက်ခတ်သော မုန်တိုင်းကြောင့် မော်တော်ယာဉ်များ သွားလာမှုရပ်ဆိုင်းသွားပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အချို့နေရာများ ရေလွှမ်းခဲ့သည်။ ထို့အပြင် လော့စ်အိန်ဂျလိစ်မြို့မြောက်ပိုင်း တောင်တန်းဒေသတွင် ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ဂျပန်မြောက်ပိုင်း၌ ငလျင်လှုပ် အဆောက်အအုံများယိမ်းထိုးလှုပ်ခါ

တိုကျို ဖေဖော်ဝါရီ ၁၆

ဂျပန်နိုင်ငံမြောက်ပိုင်းတွင် ဖေဖော်ဝါရီ၁၆ရက်က ရစ်ချ်တာစကေးအဆင့် ၆ ရှိသောမြေငလျင်လှုပ်သွားကြောင်း ဂျပန်နိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

ငလျင်လှုပ်သည့်နေရာမှာ ဂျပန်နိုင်ငံမြောက်ပိုင်း အိုင်ဝါတီစီရင်စုကမ်းလွန် ကီလိုမီတာ၄၀ အကွာ ပင်လယ်ကြမ်းပြင်ကိုဗဟိုပြု၍ လှုပ်သွားခဲ့ခြင်းဖြစ်သည်။ ငလျင်လှုပ်မှုကြောင့် မီယာဂီ၊ တိုချီဂီနှင့် ယာမာဂါတာမြို့များ၌ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါသွားခဲ့ကြောင်း၊ သို့သော် ထိခိုက်ပျက်စီးမှုအနည်းငယ်သာရှိခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ

မြန်မာ့အလင်း **မိုးလေဝသ ခန့်မှန်းချက်** သန်းသန်းနု ကိုးကားတင်ပြသည်

လှိုင်လင်တွင် ညအပူချိန် ၁ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်၌ ၄ဒီဂရီစင်တီဂရိတ်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ဖေဖော်ဝါရီ ၁၆ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်များမှာ ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်း အထက်ပိုင်း၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ် ပိုခဲ့သည်။ ကျန်ဒေသများ၌ ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ညအပူချိန်

ထူးခြားသည့် ညအပူချိန်များမှာ လှိုင်လင်မြို့တွင် ၁ဒီဂရီစင်တီဂရိတ်၊ ဟားခါးမြို့တွင် ၂ဒီဂရီစင်တီဂရိတ်နှင့် နမ့်စန်မြို့၌ ၄ဒီဂရီစင်တီဂရိတ်တို့ ဖြစ်သည်။

သာယာမည်

ဖေဖော်ဝါရီ ၁၇ရက် **(ယနေ့)** ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရလျှင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၇ရက် **(ယနေ့)** နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည် ဖြစ်သည်။

တိမ်အသင့်အတင့်

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ထုတ်ပြန်ချက်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၂-၂၀၀၉ ရက် (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	**တရားဆွေမျိုး လှူတန်ခိုး** တရားတော်(ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၈:၀၀-၂:၀၀	ရှေးမှုလက်ရာလေ့လာစရာ ဗိုလ်ဝင်နှင့် ရွှေဘတောင်တော်မှာ
၈:၁၀-၂:၁၀	Sunday Talk
၈:၅၅-၂:၅၅	ငွေချည် (၆)ချည်မျှင်ရှည်ဝါ တိုးကာစိုက်ပျိုးပါ
၉:၁၅-၃:၁၅	ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅	ကြည်ညိုဖူးမြော် ပုပ္ပားတောင်ကလပ်စေတီတော်
၉:၄၀-၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀-၄:၀၀	Activities in the City (မြို့တော်ဆေးခန်း မျက်စိအခမဲ့ ခွဲစိတ်ကုသခြင်း)
၁၀:၁၅-၄:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	Study Guide (SONG ကိုရီးယား ဘာသာစကားသင်တန်း)
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	**စက်မှုဖွံ့ဖြိုး ဒို့တိုင်းပြည်အကျိုး** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင် (ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	အလိုတော်ပြည့်ပါစေ
၁၁:၄၅-၅:၄၅	Own Creative Fashion
၁၁:၅၅-၅:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀-၆:၀၀	ငှက်ဖျားတိုက်ဖျက်ရေး အကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်ရှိန်)
၁၂:၂၅-၆:၂၅	Music Gallery (Wai လျှံ-အေးဆေးပါ အေးဆေးပါ)
၁၂:၄၅-၆:၄၅	နှင်းမှုန်ဝေစည်ကုံရာသီ လရယ်တဲ့ တပို့တွဲ နွဲ့ကြလေပြီ ထမနဲပွဲ
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ငွေချည် (၆) ချည်မျှင်ရှည်ဝါ အဝယ်ဒိုင် စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဖေဖော်ဝါရီ ၁၄ရက် မွန်းလွဲပိုင်းက မြန်မာ့အထည်အလိပ်လုပ်ငန်း ကျောက်ပန်းတောင်းမြို့ ဝါကြိတ်စက်ရုံအတွင်း ဖွင့်လှစ်ထားသော ငွေချည် (၆) ချည်မျှင်ရှည်ဝါအဝယ်ဒိုင်၌ ဝါဝယ်ယူမှု၊ သိုလှောင်ထားရှိမှုနှင့် ကြိတ်ခွဲနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝါတောင်သူများအတွက် ဖွင့်လှစ်ပေးထားသည့် ဝင်းသူဇာအရောင်းဆိုင်ခွဲကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်သာမြို့နယ် အေးရွာ အုပ်စု ကျည်ကုန်းကျေးရွာ၌ ကျေးရွာမီးလင်းရေးအတွက် ငွေကျပ်သိန်း ၈၀ အကုန်အကျခံ တည်ဆောက်ပေးထားသော သဘာဝ စွန့်ပစ်ပစ္စည်းသုံး ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးရရှိရေးအတွက် ဆောက်လုပ်ပြီး အင်ဂျင် ခန်း အဆောက်အအုံနှင့် စွန့်ပစ်ပစ္စည်း သိုလှောင်ကန်များ စနစ်တကျပြုလုပ်နေမှု တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြစ်ထွန်းအောင်မြင်

ယင်းနောက် ဝန်ကြီးဦးအောင်သောင်းသည် ကျည်ကုန်းကျေးရွာမှ ကျေးရွာလူထုအားလည်းကောင်း၊ တောင်သာမြို့ လယ်ဟောင်းကျေးရွာ၌ လယ်ဟောင်းကျေးရွာလူထုအား လည်းကောင်း တွေ့ဆုံပြီး ဝဲလောင်ဆည်ရေကို အသုံးပြု၍ ရေအား လျှပ်စစ်ထုတ်လုပ်ရန် ရေလွှဲမြောင်းတူးဖော်ထားရှိမှု၊ ဝဲလောင်မြို့ ဗိုလ်ရာညွှန့်ရပ်တွ ပြုပြင်ဆောင်ရွက်နေမှုနှင့် ဆင်တဲဝချောင်းသဲသောင်ပြင်များ၌ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသော ကြက်သွန်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကျောက်ပန်းတောင်းမြို့နယ်တွင် ကျေးရွာပြည်သူများနှင့်တွေ့ဆုံ အားကစားပစ္စည်းနှင့် စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ဖေဖော်ဝါရီ ၁၄ရက် နံနက်ပိုင်းက ကျောက်ပန်းတောင်းမြို့ သာသနာ့ဗိမာန်၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များအားတွေ့ဆုံပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လှူဒါန်း

ဝန်ကြီးသည် ဖေဖော်ဝါရီ ၁၅ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ပွေးကျစ် ကျေးရွာအုပ်စုရှိ ပွေးကျစ်တောင်ရွာ၊ ပွေးကျစ်မြောက်ရွာနှင့် ပွေးကျစ်ရွာသစ်တို့မှ ကျေးရွာပြည်သူများအား တွေ့ဆုံ၍ ကျေးရွာဘောလုံးအသင်းအတွက် အားကစားပစ္စည်းများနှင့် ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများ လှူဒါန်းပြီး အခြေခံပညာအထက်တန်းကျောင်းခွဲကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် ကန်နီကျေးရွာအုပ်စုရှိ စပါးခွဲလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာပြည်သူများအတွက် ဘောလုံး အားကစားပစ္စည်းများနှင့် စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် ဟင်းခွက်အိုင်ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၌ ဟင်းခွက်အိုင်၊ ချောင်းခြားတောင်၊ ချောင်းခြားမြောက်၊ ကံရင်း၊ သစ်ဆပ်ပင်၊ ကျပ်တွင်း ကန်ကျေးရွာများမှ ပြည်သူများအားတွေ့ဆုံ၍ ဘောလုံးအားကစားပစ္စည်းများနှင့်စာအုပ်စာတမ်းများ ပေးအပ်လှူဒါန်းပြီး မူလတန်းလွန်ကျောင်းကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

ပေးအပ်

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကျောက်ပန်းတောင်းမြို့ ကန်နီကျေးရွာ ပြည်သူများအတွက် ဘောလုံးအားကစားပစ္စည်းများနှင့် စာအုပ်စာတမ်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

မျက်မှန်ကျွမ်းကျင်သူပညာရှင်များ မြန်မာ့မျက်မှန်အရောင်းဆိုင် နေပြည်တော်တွင် တိုးချဲ့ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဆေးနှင့် ဆေးကိရိယာရောင်းဝယ်ရေးလုပ်ငန်းမှ အငြိမ်းစား မျက်မှန် ကျွမ်းကျင်ပညာရှင်များ ဦးစီးသော နိုင်ငံတကာအဆင့်မီ မြန်မာ့မျက်မှန် (Myanmar Optic)အရောင်းဆိုင်ကို ရန်ကုန်မြို့ ရွှေဘုံသာ (အလယ်လမ်း) အမှတ်(၂၃၃/၂၃၅)တွင် ဖွင့်လှစ်ထားရှိသည့်အပြင် နေပြည်တော် သပြေကုန်းဈေးကြီး၌ ဖွင့်လှစ်ရောင်းချပေးလျက် ရှိရာမှ ယခုအခါ နေပြည်တော်နေ ဝန်ထမ်းနှင့် မိသားစုများ၊ ဒေသခံပြည်သူများအား ပိုမိုဝန်ဆောင်မှုပေးနိုင်ရန် နေပြည်တော် သပြေကုန်း ဈေးပွဲရုံတန်းပွဲရုံ အမှတ်ပ/၁၄ သို့ ပြောင်းရွှေ့၍ ဖေဖော်ဝါရီ ၁၂ရက်မှစတင် ဖွင့်လှစ်ထားရှိသည်။

စမ်းသပ်စစ်ဆေး

မြန်မာ့မျက်မှန် အရောင်းဆိုင်တွင် နှစ်ရှည်အသုံးပြုနိုင်သော မျက်စိကပ်မှန် (Daily Used)များ၊ အဝေးကြည့် အနီးကြည့် စာကြည့်မျက်မှန်များ၊ နေကာမျက်မှန်များကို နိုင်ငံခြားဖြစ် ကိုင်းမျိုးစုံဖြင့် သုံးစွဲသူများ၏ လိုအပ်ချက်နှင့်အညီ မျက်စိအထူးကုဆရာဝန်နှင့် မျက်မှန်ကျွမ်းကျင်သူပညာရှင်များက တိကျမှန်ကန်သော စမ်းသပ် စစ်ဆေးပေးမည်ဖြစ်ပြီး မျှတမှန်ကန်သောဈေးနှုန်း၊ နိုင်ငံတကာ အဆင့်မီသောအရည်အသွေး၊ သန့်ရှင်း သေသပ်သောလက်ရာများဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့အပြင် မျက်စိအထူးကုဆရာဝန်ဖြင့် မျက်စိစမ်းသပ် စစ်ဆေးကုသမှုများကိုပါ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ရောင်းချ

ထို့အတူ နေပြည်တော်ရှိ ရုံး၊ဌာနများသို့လည်း လှည့်လည်၍ မျက်စိစမ်းသပ်ခြင်း၊ ကိုက်ညီသော မျက်မှန်များရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဆေးနှင့်ဆေးကိရိယာရောင်းဝယ်ရေးလုပ်ငန်းမှ အငြိမ်းစားမျက်မှန်ကျွမ်းကျင်ပညာရှင်များဦးစီးသော နိုင်ငံတကာအဆင့်မီ မြန်မာ့မျက်မှန် (Myanmar Optic) အရောင်းဆိုင်ကို နေပြည်တော် သပြေကုန်းဈေးပွဲရုံတန်း ပွဲရုံအမှတ် ပ/၁၄တွင် ဖွင့်လှစ်ထားရှိစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ဆီဆိုင်မြို့၌ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စု နောင်ယွေးကျေးရွာ ပြည်သူ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၁၀ နာရီခွဲက စာကြည့်တိုက်အဆောက်အအုံသစ်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခိုင်ထွန်း၊ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးနေမျိုးသူရိန်နှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးစိုင်းအောင်မြင့်တို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

မင်းပြား၌ ရွာလုံးကျွတ်အဆောက်အအုံရရှိရေးဆွေးနွေး

မင်းပြားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများအား ကျေးရွာလုံးကျွတ်စာကြည့်တိုက် အဆောက်အအုံရရှိရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ၃၀ရက် မွန်းတည့် ၁၂ နာရီက ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ဝန်ထမ်းတစ်ဦးချင်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြပြီး မြို့နယ်ဦးစီးမှူး ဒေါ်သောင်းရွှေက ပြန်လည် သုံးသပ်ဆွေးနွေးသည်။ *(မြို့နယ် ပြန်/ဆက်)*

ကနီမြို့နယ် ပြည်သူ့ဆေးရုံအတွက် အလှူငွေပေးအပ်

စစ်ကိုင်းတိုင်း ကနီမြို့ ပြည်သူ့ဆေးရုံအတွက် ရန်ကုန်မြို့ ဦးမောင်မောင်ဝင်း-ဒေါ်စောအုန်းခင်မိသားစုက အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၄ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အလှူရှင်မိသားစုက ငွေကျပ် ၁၂ သိန်းပေးအပ်လှူဒါန်းပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကပ်ကျော်နှင့် မြို့နယ်ဆရာဝန် ဒေါက်တာဒေါ်ခင်ဝင်းရီတို့က ကျေးဇူးတင်စကား ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

မြောက်ဦး၌ စာကြည့်တိုက် အဆောက်အအုံရရှိရေးဆွေးနွေး

စစ်တွေခရိုင် မြောက်ဦးမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၏ အုပ်စုလုံးကျွတ် စာကြည့်တိုက် အဆောက်အအုံရရှိရေး ဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁ နာရီက ရုပ်သံခန်းမ၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးမြင့်စိုးက စံ(၅)ရပ်နှင့် ပြည့်စုံရေး ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ *(မြို့နယ် ပြန်/ဆက်)*

မိုးမောက်၌ အမျိုးသားကာကွယ်ဆေးတိုက်ကျွေး

ကချင်ပြည်နယ် မိုးမောက်မြို့၌ ၂၀၀၉ခုနှစ် အမျိုးသားကာကွယ်ဆေးတိုက်ကျွေးနေ့များ ဒုတိယအကြိမ်အဖြစ် အသက်ငါးနှစ်အောက် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးခြင်း အခမ်းအနားများကို ဖေဖော်ဝါရီ ၇ရက် နံနက်က မိုးမောက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် ဆေးတိုက်စုရပ် အသီးသီးတို့တွင် ကျင်းပသည်။ **(မြို့နယ် ပြန်/ဆက်)**

နွားထိုးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

နွားထိုးကြီးမြို့၌ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် နွားထိုးကြီးမီးသတ်စခန်းတာဝန်ခံ ဖာရီမန်းဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၂၂ ရက်က မီးသတိမူရေးစတင်၍ အပတ်စဉ် နှိုးဆော်ပြီး မီးသုံးစွဲမှုကို နွားထိုးကြီးတွင် အချိန်ကန့်သတ်ထားသည်။ *(ဝ၉၂)*

မုတ္တမ၌ ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေး

မုတ္တမမြို့ အမျိုးသားကာကွယ်ဆေးတိုက်ကျွေးရေး နယ်မြေခံတပ်နယ်မှ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ နယ်မြေခံအကျိုးဆောင်အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များပါဝင်ပြီး ဇန်နဝါရီ ၁၀ ရက်က နယ်မြေရပ်ကွက်အသီးသီးတွင် ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြကြောင်း သိရသည်။ **(ဝ၁၃)**

ကောလင်းမြို့နယ် အမျိုးသမီးရေးရာ ဂေါက်သီးရိုက်ပြိုင်

စစ်ကိုင်းတိုင်း ကသာခရိုင်ကောလင်းမြို့နယ်တွင် အမျိုးသမီးရေးရာဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၄ရက် ညနေ ၃နာရီက မြို့နယ်ပြည်သူ့ပန်းခြံ၌ ကျင်းပရာ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစိုးက ချီးမြှင့်ပြီး အဆိုပါပြိုင်ပွဲကို ဂေါက်သီးရိုက် ဝါသနာရှင်အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်ကြသည်။ *(မြို့နယ် ပြန်/ဆက်)*

မိုးညှင်း၌ မြန်မာ့ရိုးရာ ထမနဲထိုးယှဉ်ပြိုင်

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူးကျင်းပသည့် ဌာနဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများ၏ ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ၉ရက် မွန်းလွဲ၂နာရီက မြသိန်းတန်ဓာတ်ရုံရှေ့ကွင်းပြင်၌ ကျင်းပရာ စုစုပေါင်းအဖွဲ့ ၂၁ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ခရိုင်ကျန်းမာရေးဌာန၊ ဒုတိယဆုရရှိသည့် မြို့မရပ်ကွက်နှင့် တတိယဆုရရှိသည့် ပင်းတဲကျေးရွာတို့ကို တာဝန်ရှိသူများက ဆုများ ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပင်လောင်း၌ စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်း

ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု မိုးဦးကျေးရွာ ပညာဘဏ်တိုက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲကို ဖေဖော်ဝါရီ၁ရက် နံနက် ၈နာရီက အဆိုပါကျေးရွာစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာရဲက ငွေပဒေသာပင် ကျပ် ၁၀၀၀၀ စိုက်ထူလှူဒါန်းပြီး အလှူရှင်များက သုတရသစာအုပ်၊ စာစောင်နှင့်ဂျာနယ်များ လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးဇော်ဦးက လက်ခံယူသည်။ *(မြို့နယ် ပြန်/ဆက်)*

■ *ကျောဖုံးမှ*

မိမိတို့သတင်းအဖွဲ့သည် ကညင်ကျိုးကျေးရွာ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး နာယကဖြစ်သူ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဦးစီးဌာနမှ ဒုတိယအထွေထွေ မန်နေဂျာ ဗိုလ်မှူး ကျော်မြင့်(ငြိမ်း)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်တို့၏ စီစဉ်ပေးမှုကြောင့် ဖေဖော်ဝါရီ၂ရက်က ဆိုင်ကယ်များဖြင့် ရောက်ရှိခဲ့သည်။ သတင်းအဖွဲ့သည် ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့တွင် နေထိုင်ပြီး လေးမိုင်ကျော်ကွာသည့် ကျောက်တံခါးမြို့နယ် စစ်တောင်းမြစ်ကမ်းနံဘေးရှိ ကညင်ကျိုးကျေးရွာသို့ ဆောင်းဥတု၏ ချမ်းအေးမှုကို ရင်ဝယ် ပိုက်လျက် နံနက်ဖြနာရီတွင် စတင်ထွက်ခွာလာရာ ၁၅မိနစ်ကျော်ခန့်၌ ရောက်ရှိခဲ့သည်။

တွေ့ဆုံမေးမြန်း

သတင်းအဖွဲ့အား ကညင်ကျိုးကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး နာယကဖြစ်သူ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာန ဒုတိယအထွေထွေ မန်နေဂျာဗိုလ်မှူးကျော်မြင့်(ငြိမ်း) နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလွန်းတင်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဝင်းရွှေ၊အလယ်တန်းပြဆရာ ဦးမြင့်သိန်းနှင့် ဒေသခံများက ကြိုဆိုနှုတ်ဆက်ကြပြီး တွေ့ဆုံမေးမြန်းမှုများအား ပျော်ရွှင်ကြည်နူးစွာ ရှင်းပြကြပါသည်။

ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ကိုယ်တိုင် တက်ရောက် ဖွင့်လှစ်ပေးခဲ့ပါတယ်။ ကျောင်းများကို ဆရာ ဆရာမ ၃၅ဦးက ပညာသင်ကြား ပို့ချပေးပြီး ကျေးရွာအုပ်စုတစ်ခုလုံး ကျောင်းသားကျောင်းသူပေါင်း ၉၅၀ ခန့် ပညာသင်ကြားလျက် ရှိပါတယ်။

ကျန်းမာရေးကဏ္ဍ အနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက် (၂)ရပ်ဖြစ်သော လူတိုင်းသက်တမ်းစေ့ အသက်ရှည် နေထိုင်ရေး၊ လူတိုင်း ရောဂါဘယ ကင်းရှင်းရေး

“ငယ်စဉ်က ရန်ကုန်-မန္တလေး ကားလမ်းမကြီးကို လေးမိုင်ကျော်ခန့် ခြေကျင်လမ်းလျှောက်ပြီးမှသာ ကားလမ်းနှင့် နီးရာကို ရောက်ရ၊ ယခုလို ကျေးလက်ဂဝံလမ်းဆိုတာ အိပ်မက်ပင် မမက်ဖူးခဲ့ပါ”

အဘဦးဝင်းယု
(ကညင်ကျိုးကျေးရွာ)

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်-ရွာမနှင့် ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာတို့ ဆက်သွယ် ဖောက်လုပ်ထားသော ကျေးလက်ဂဝံလမ်းကို တွေ့ရစဉ်။

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ဝင်းရွှေက ရှင်းပြရာတွင်- “ကျွန်တော်တို့ ကညင်ကျိုးကျေးရွာအုပ်စုတွင် ကျေးရွာပေါင်းလေးရွာရှိပါတယ်။ ကျေးရွာအုပ်စု တစ်စုလုံးတွင် လူဦးရေ၄၀၈၇ဦးရှိပါတယ်။ ဒေသခံအားလုံးဟာ လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါတယ်။ပညာရေးအနေနဲ့ အထက်တန်းကျောင်းခွဲ တစ်ကျောင်း၊ မူလတန်းကျောင်း သုံးကျောင်းရှိပါတယ်။ အထက်တန်းကျောင်းကို ပထမက တွဲဖက်အဖြစ်ထားရှိခဲ့ပါတယ်။ ထို့နောက် မူလအထက်တန်းကျောင်းဆောင်ကို အလှူရှင်များစုပေါင်း၍ ငွေကျပ်သိန်း ၁၆၀ အကုန် အကျခံကာ ကိုယ့်အားကိုယ်ကိုး အဆင့်အတန်းမီ ထပ်မံဆောက်လုပ်ခဲ့ပါတယ်။ အခြေခံပညာ တွဲဖက်အထက်တန်းကျောင်းမှ အခြေခံပညာ အထက်တန်းကျောင်းခွဲအဖြစ် တိုးမြှင့်ဖွင့်လှစ်ပွဲကိုလည်း ၂၃-၁၂-၂၀၀၈ ရက်မှာ ကျင်းပခဲ့ပါတယ်။ အခြေခံပညာ အထက်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်ပွဲသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဟူသော ရည်ရွယ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျေးလက်ကျန်းမာရေးဌာနကို ငွေကျပ် ၅၄သိန်းကျော် အကုန်အကျခံ တည်ဆောက်၍ ကျေးရွာသူကျေးရွာသားများ၏ ကျန်းမာရေးကိုလည်း ကူညီစောင့်ရှောက်ပေးလျက်ရှိပါတယ်”ဟု ပြောပြသည်။

ဆက်လက်၍ ကျောင်းဆရာ ဦးမြင့်သိန်းက“ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ကျွန်တော်တို့ ကညင်ကျိုးကျေးရွာသူကျေးရွာသားများပြည်နယ်၊ တိုင်းဒေသ အသီးသီးသို့ လွယ်ကူစွာဆက်သွယ်ပြောဆိုနိုင်ရန် အတွက် နိုင်ငံတော်က CDMA-450 ဖုန်းတစ်လုံးကို ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှမင်းက တပ်ဆင်ပေးခဲ့ကြောင်း၊ ထိုသို့ တပ်ဆင်ပေးခဲ့သည့်အတွက်ကျေးရွာအတွက်ဝမ်းသာဂုဏ်ယူမိပါကြောင်း”အားရဝမ်းသာ ပြောပြပါသည်။

ထို့အပြင် ပြန်ကြားရေးကဏ္ဍအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက တစ်နိုင်ငံလုံး နယ်စွန်နယ်ဖျား ကျေးလက်ဒေသများပါ မကျန် ကျေးလက်နေ ပြည်သူများ စာပေ ဗဟုသုတများ ကြွယ်ဝ၍ စာပေအဆင့်အတန်း မြင့်မားစေရန်

ကညင်ကျိုး ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းရွှေ ကကျေးရွာဘက်စုံဖွံ့ဖြိုး တိုးတက်မှုကို ရှင်းလင်းပြောကြားစဉ်။

အကောင်အထည်ဖော် ဆောင်ရွက်နေချိန်တွင် ကျေးရွာအနေဖြင့် ငွေကျပ် ၁၄သိန်းကျော် ကျခံသုံးစွဲ၍ ကိုယ့်အားကိုယ်ကိုး ပညာနဂ္ဂဟစာကြည့်တိုက်ကို တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ဒီစာကြည့်တိုက်ကိုလည်း မကြာမီ ဖွင့်လှစ်နိုင်တော့မည် ဖြစ်ပါကြောင်း၊ ဖွင့်လှစ်ပြီးစီးပါက ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် ပညာဗဟုသုတတွေ ရှာမှီးနိုင်တော့မှာဖြစ်ပါကြောင်းဖြင့် ဦးမြင့်သိန်းက ဝမ်းသာအားရ ပြောပြခဲ့သည်။

တံတားတည်ဆောက်

ဆက်လက်၍ စည်ပင်သာယာရေး အခန်းကဏ္ဍအနေဖြင့် ကျေးရွာလမ်း အနေအထားနှင့် တံတားများ အခြေအနေကို ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလွန်းတင်ကို မေးမြန်းခဲ့သည်။အမှုဆောင်အရာရှိဦးလွန်းတင်ကပြောပြသည်မှာ- “နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ အနေဖြင့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ နှစ် ၃၀စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခင်က ဒီလမ်းဟာ ပိန်းဇလုပ်-ရွာမ-ကညင်ကျိုး ကျေးရွာသို့သွားတဲ့ မြေသားလမ်း အကျဉ်းလေးသာ ရှိခဲ့ပါတယ်။ ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်းပြီး ကိုယ့်အားကိုယ်ကိုး၍ အကျယ် ၁၄ပေ၊ အမြင့် ခုနစ်ပေရှိသော မြေသားလမ်းကို ပြုပြင်ခဲ့ပါတယ်။ ၂၀၀၅-၂၀၀၆ ခုနှစ်မှာ ကျွန်တော်တို့ စည်ပင်သာယာရေးအဖွဲ့မှစီမံကိန်းအရ အပိုင်း(၁)၊ အပိုင်း(၂)ခွဲ၍ ဂဝံလမ်းခင်းခြင်း၊ တံတားတည်ဆောက်ခြင်းများဆောင်ရွက်ပေးခဲ့ပါတယ်။ မိမိတို့ ကျောက်တံခါးမြို့နယ်ဟာ ညောင်လေးပင်မြို့နယ်နဲ့ ဆက်စပ်လျက်ရှိတာကြောင့် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေနဲ့အပိုင်း(၁) လမ်းတံတားကို တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အနေနဲ့ အပိုင်း(၂)လမ်းတံတားများကို တာဝန်ခွဲဝေပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။

ယင်းဂဝံလမ်းအပိုင်း(၁)မှာညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည်၁၀၉၃၃ပေရှိပြီး ဘဏ္ဍာရေးနှစ်အလိုက်ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ငွေကျပ်၆၂၇၀၀၀၀ကျခံသုံးစွဲ၍ လမ်းအရှည် ၅၀၂၁ပေကို ပထမအနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်ထောက်ပံ့ငွေမှ ငွေကျပ်၆၅သိန်းကျခံသုံးစွဲ၍ အကျယ် ၁၀ပေ အရှည်ပေ ၂၉၄၀ ရှိသော လမ်းကို ဂဝံလမ်းဖြစ်အောင်၊ ဒုတိယအနေနဲ့ ငွေကျပ် ၅၉ သိန်း ၅သောင်း ကျခံသုံးစွဲ၍ အကျယ် ၁၀ပေအရှည်ပေ၂၆၉၀ရှိသောလမ်းကို ဂဝံခင်းပေးနိုင်ခဲ့ပါတယ်။ ၎င်းအပြင် ပိန်းဇလုပ်-ရွာမ-ကညင်ကျိုးလမ်းပေါ်တွင် တံတားအမှတ်(၃)ဖြစ်သော

“အခုဆိုရင် ဆိုင်ကယ်၊ စက်ဘီး၊ သုံးဘီး ဆိုင်ကယ်နှင့် ကုန်တင်ယာဉ် ဝွန်ဒေါင်းများ အသုံးပြု သွားလာနေပြီဖြစ်၍ သွားရေးလာရေးသာမက ကျေးရွာ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်လာ၍ ဝမ်းသာ ဂုဏ်ယူမဆုံး ဖြစ်မိပါတယ်”

အဘဦးငွေစည်
(ကညင်ကျိုးကျေးရွာ)

အကျယ်၁၂ပေ၊အရှည်၂၉ပေဖလက်မရှိသော တံတားကိုလည်း နိုင်ငံတော်ထောက်ပံ့ ငွေမှ ငွေကျပ် ၃၅သိန်းဖြင့် တည်ဆောက်ပေးနိုင်ခဲ့ပါတယ်”ဟူ၍ ဦးစွာရှင်းပြသည်။

အိပ်မက်မမက်ဖူးခဲ့

သတင်းအဖွဲ့သည် အပိုင်း(၁) လမ်းတံတားပေါ်သို့ သွားရောက်လေ့လာစဉ် ကညင်ကျိုးကျေးရွာနေ တောင်သူဦးကြီးဖြစ်သူ အဘ ဦးဝင်းယုနှင့်တွေ့ဆုံ၍ မေးမြန်းခဲ့ရာ အဘဦးဝင်းယုက ဝမ်းသာကြည်နူးစွာ ပြောပြသည်မှာ- “ကျွန်တော်တို့ ငယ်စဉ်ကတည်းက ရွာမှနေ၍ ရန်ကုန်၊ မန္တလေး ကားလမ်းမကြီးကို သွားလိုလျှင် လယ်ကွင်းထဲမှဖြတ်၍ ခြေကျင်လေးမိုင်ကျော်ခန့် လမ်းလျှောက်ပြီးမှ ကားလမ်းနဲ့ နီးစပ်ရာ ပိန်းဇလုပ်မြို့သို့ ရောက်ခဲ့ရပါကြောင်း၊ ယခုမူ ပေ ၂၁၀၀၀ကျော်ရှည်သော ကျေးလက်ဂဝံလမ်းကို အကောင်အထည်ဖော် တည်ဆောက်၍ ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာနေပြည်သူများ သွားလာရေးအဆင်ပြေခဲ့၍ ဝမ်းသာရပါကြောင်း၊ ယခုလို ကျေးလက်ဖွံ့ဖြိုးရေးဂဝံလမ်းဆိုတာ အိပ်မက်ပင် မမက်ဖူးခဲ့ပါကြောင်း” ဝမ်းသာစကား ပြောကြားသည်။

လမ်း/တံတား

ဆက်လက်၍ သတင်းအဖွဲ့သည် ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလွန်းတင်အား အပိုင်း(၂) လမ်း/တံတားပိုင်းအားမည်ကဲ့သို့ဆောင်ရွက်ခဲ့ပုံကို မေးမြန်းရာ အမှုဆောင်အရာရှိက ဤကဲ့သို့ ပြောပြပါသည်-

“အပိုင်း(၂)လမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်းကို ကျွန်တော်တို့ ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဆောင်ရွက်ရပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် ကျောက်တံခါးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ငွေကျပ် ၄၃သိန်း ၄သောင်း ကျခံ သုံးစွဲ၍ အရှည်ပေ ၂၀၉၀ရှိ လမ်းပိုင်းကိုလည်းကောင်း၊ နိုင်ငံတော် ထောက်ပံ့ငွေမှ ငွေကျပ် ၄၀သိန်း ၅သောင်းသုံးစွဲ၍ အရှည်ပေ ၁၈၀၀ရှိ လမ်းပိုင်းကိုလည်းကောင်း၊ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီး ငွေကျပ် ၁၀၉သိန်း ကျခံသုံးစွဲ၍ အရှည်ပေ၉၀၊ အကျယ် ၁၂ပေ၊ အမြင့် ၁၅ပေရှိသော အုတ်ပေါင် သစ်သားတံတား (ဇလုပ်ချောင်းတံတား) တို့ကို တည်ဆောက် ပေးနိုင်ခဲ့ပါတယ်။ ဒီကျေးလက် ဂဝံလမ်းနှင့် တံတားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပ၍ ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီဖွင့်လှစ်ပွဲကို စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါတယ်”ဟု ရှင်းပြသည်။

အဆင်ပြေ

သတင်းအဖွဲ့သည် အပိုင်း(၂) လမ်းတံတားပေါ်သို့ သွားရောက်လေ့လာနေစဉ် တောင်သူ ဦးကြီးဖြစ်သော ကညင်ကျိုးကျေးရွာနေ အဘ ဦးငွေစည်အား တွေ့ဆုံမေးမြန်းခဲ့ရာ “ယခုဖောက်လုပ်ပေးပြီးဖြစ်သော ဂဝံလမ်းနှင့် တံတားမှာညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်ရှိ ကျေးရွာချင်း ဆက်သွယ်သော လမ်းတံတားဖြစ်ပြီး ညောင်လေးပင်မြို့နယ်ရှိ ပိန်းဇလုပ်၊ ရွာမ၊ ခင်ကန့်လန့် ကျေးရွာများ၊ ကျောက်တံခါး မြို့နယ်ရှိ ကညင်ကျိုး၊ ဒိုးတန်း၊ တောင်ခင်ကျေးရွာများသို့ဆက်သွယ်သွားလာနိုင်သည့်အပြင် စစ်တောင်းမြစ် အရှေ့ဘက်ကမ်းရှိ ရွှေကျင်မြို့နယ်၊ ကျောက်ကြီးမြို့နယ်ရှိ ကျေးရွာများမှလည်း ဤဂဝံလမ်းနှင့် တံတားများအား အသုံးပြုသွားလာလျက်ရှိကြောင်း၊ ယခုဆိုပါလျှင် ဆိုင်ကယ်၊စက်ဘီး၊ သုံးဘီးဆိုင်ကယ်နှင့် ကုန်တင်ယာဉ် ဝွန်ဒေါင်းများ အသုံးပြု၍ ကျေးလက်နေပြည်သူများ အနေနှင့် အချိန်တိုကာလအတွင်း သွားလာဆက်သွယ်မှု အဆင်ပြေကာ သွားရေးလာရေးသာမက ကူးသန်းရောင်းဝယ်ရေး၊ပညာရေး၊ကျန်းမာရေး၊ လူမှုရေးကဏ္ဍတို့ပါ ဘက်ပေါင်းစုံ တိုးတက်လာပါကြောင်း” ဝမ်းသာအားရ ပြောပြသည်။

စိုက်ခင်းများ

သတင်းအဖွဲ့သည် ရှေ့ဆက်၍ တာဝန်ရှိသူများနှင့်အတူ စစ်တောင်းမြစ်ကမ်းခြေသို့ ခြေကျင်သွားကြကာ ကမ်းခြေ တစ်ဖက်ကမ်းရှိ စုပေါင်းတာဝန်ယူစနစ်ဖြင့်အောင်မြင်ဖြစ်ထွန်းနေသော ဆောင်းသီးနှံ မတ်ပဲစိုက်ခင်းသို့ စက်လှေဖြင့် သွားရောက်လေ့လာခဲ့ကြသည်။ စစ်တောင်းမြစ်ကမ်းမှ တက်လိုက်သည်နှင့် အားရစရာကောင်းအောင် ရှင်သန်ကြီးထွားနေသော စိမ်းစိုစို မတ်ပဲပင်များကို တွေ့လိုက်ရသည်။ တာဝန်ရှိသူတစ်ဦးအား စိုက်ခင်းများအကြောင်းမေးမြန်းကြည့်ရာ- “ကျွန်တော်တို့ အခုမြင်နေရတဲ့ စိုက်ခင်းတွေကတော့ စုပေါင်းစိုက်ခင်းတွေ ဖြစ်ပါတယ်။ ယင်းစိုက်ခင်းများတွင် ကညင်ကျိုး ကျေးရွာမှ တောင်သူ ၂၂၃ဦးမှ စိုက်ဧက ၁၃၆၆ ဒသမ၉၀ဧက စိုက်ပျိုးထားကြောင်း၊ ဤကဲ့သို့ အောင်မြင်ဖြစ်ထွန်းနေသော ဆောင်းသီးနှံမတ်ပဲစိုက်ခင်းစုစုပေါင်း ၂၃၅၅ ဒသမ ၉၀ဧကကို တောင်သူများအား စွန့်စား ရင်းနှီးမြှုပ်နှံ စီမံ

ဆောင်ရွက် တည်ထောင်ခဲ့သူများမှာ ပြည်တွင်း ရေကြောင်း ဦးစီးဌာန ဒုတိယအထွေထွေ မန်နေဂျာ ဗိုလ်မှူး ကျော်မြင့်(ငြိမ်း) နှင့် ဆန်းဗားကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးသန်းဦးတို့ ဖြစ်ကြောင်း” ဆက်၍ ရှင်းပြသည်။

ကူညီပံ့ပိုး

ဆက်လက်၍ သတင်းအဖွဲ့သည် စုပေါင်းတာဝန်ယူမှု စနစ်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသော မတ်ပဲစိုက်ခင်းနှင့်ပတ်သက်၍ မေးမြန်းခဲ့ရာ “မတ်ပဲစိုက်ပျိုး ဆောင်ရွက်ရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ ကျေးလက်နေတောင်သူများ အရင်းအနှီး၊ မျိုးနှင့် ထွန်ယက်ကိရိယာများ မပူမပင်ဘဲ အပြည့်အဝရရှိရေး၊ မတ်ပဲစိုက်ပျိုးနိုင်သော ဧက အပြည့်အဝ စိုက်ပျိုးနိုင်ရေး၊ ရင်းနှီးမတည်ငွေများ အတိုးမဲ့ရယူပြီး မတ်ပဲပေါ်ချိန်တွင် မိမိကြိုက်နှစ်သက်ရာ နည်းလမ်းဖြင့် စုပေါင်းတာဝန်ယူ ပြန်လည်ပေးဆပ်ရေး၊ စုပေါင်းတာဝန်ယူခြင်းစနစ်ဖြင့် ကျေးရွာအတွင်း စည်းလုံးညီညွတ်မှုကို ပိုမိုရရှိရေး၊ မိသားစုဝင်ငွေတိုးတက်ပြီးစိတ်ချမ်းမြေ့စွာနေထိုင်စားသောက်လှုပ်ရှားနိုင်ရေးတို့ အတွက်ရည်ရွယ်၍ ယခုကဲ့သို့ ကူညီပံ့ပိုးပေးရခြင်းဖြစ်ကြောင်း” အသေးစိတ် ရှင်းပြခဲ့သည်။

ကြိုက်ရာစနစ်ဖြင့် ပေးဆပ်နိုင်

ရင်းနှီးမတည်ငွေနှင့်ပတ်သက်၍ ဆက်၍ရှင်းပြသည်မှာ “ထွန်ယက်ခ၊ ဒီဇယ်ဆီဖိုး၊ မတ်ပဲမျိုးဖိုး၊ ဆေးဖိုး စုစုပေါင်းငွေကျပ်၁၄၈၁၆၉၃၀၀ ကုန်ကျစရိတ်ရှိပါသဖြင့် ရင်းနှီးမတည်ငွေအား ၃၀-၉-၂၀၀၈ရက်တွင် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းခဲ့ပြီး ရန်ကုန်မြို့ရှိ ဆန်းဗားကုမ္ပဏီမှ အတိုးမဲ့စိုက်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊၎င်းရင်းနှီးငွေများအားမတ်ပဲပေါ်ချိန်တွင် ကာလပေါက်ဈေးဖြင့် မတ်ပဲ ပြန်လည်ရောင်းချပေးခြင်း(သို့) ငွေသားဖြင့် ပြန်လည်ပေးဆပ်ခြင်းကို မိမိကြိုက်နှစ်သက်ရာစနစ်ဖြင့် စုပေါင်းတာဝန်ခံ၍ ပေးဆပ်သွားနိုင်ကြောင်း ရှင်းပြပါသည်။ ထို့အပြင် ဆေးဖျန်းချိန်ကျရောက်သော စိုက်ခင်းများအား မြန်မာ့ဩဘာလုပ်ငန်းစု ကုမ္ပဏီလီမိတက်မှ ဆေးများကိုအကြွေးစနစ်ဖြင့် ဝယ်ယူပြီး ကုမ္ပဏီဈေးနှုန်းအတိုင်း ဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့ပြင် ဆေးဝါးကျွမ်းကျင် ဝန်ထမ်းများဖြင့် နေ့စဉ်စစ်ဆေးကြည့်ရှု စီစဉ်ဆောင်ရွက်ထား၍ ၂၀-၁၀-၂၀၀၈ ရက်တွင် မတ်ပဲစိုက်ဧကများအား စတင်ပြီး စိုက်ပျိုးခဲ့ရာ၃၀-၁၁-၂၀၀၈ရက်တွင် မတ်ပဲစိုက်ခင်းဧကအားလုံး စိုက်ပျိုးပြီးခဲ့ကြောင်း။”

“စိုက်ပျိုးဧကရဲ့ ၉၇ ရာခိုင်နှုန်းသည် အပင်ပေါက်ကောင်းပြီး အပင်ရှင်သန်ကြီးထွားမှု ကောင်းမွန်တာကြောင့် စုပေါင်း တာဝန်ယူမှုစနစ်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသော မတ်ပဲစိုက်ခင်းများအား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးကိုယ်တိုင် ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း” ကိုလည်း ဝမ်းသာအားရ ပြောပြသည်။

ယနေ့ နိုင်ငံတော် အစိုးရသည် ဒေသတစ်ခုနှင့်တစ်ခုအကြားကွာဟမှု နည်းနိုင်သမျှ နည်းစေရန် စီမံကိန်းများချမှတ်ကာအကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးမှု တိုးတက်ရေးတွင် အဘက်ဘက်မှ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်နေသော ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာဒေသအကြောင်းကို သတင်းမြင်ကွင်းအဖြစ် ကွင်းဆင်းလေ့လာ ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

* ရှု့ဖုံးမှ

ဖြန့်ကြက်တည်ဆောက်

ထိုသို့သော အခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရာ၌ ယခင်က ဒီဇယ်ဆီ၊ မီးထိုးဆီ (FO) နှင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံများကို အဓိကထားပြီး ယခင်ရှိပြီးဖြစ်သော ဘီလူးချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံမှအပ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကိုသာ အင်အားဖြည့်အနေဖြင့် တည်ဆောက်သုံးစွဲ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိရာမှ ယခုအခါ နှစ်စဉ် ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သောရေအရင်းအမြစ်ကို တွင်တွင်ကျယ်ကျယ်အသုံးပြု၍ အလတ်စား၊အကြီးစားရေအားလျှပ်စစ်စီမံကိန်းများကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အရှိန်အဟုန်ဖြင့် နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက်လျက်ရှိသည်။

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြစ်သော **"ရေအရင်းအမြစ်ကြွယ်ဝသည့် မိမိတို့နိုင်ငံ၌ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအတွက် ရေအားကို အခြေခံပြီး ဆောင်ရွက်သွားရန်"** ဟူသော လမ်းညွှန်ချက်အရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ၂၂-၉-၂၀၀၆ရက်တွင် ကျင်းပခဲ့သော အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အစည်းအဝေး (၁/၂၀၀၆)မှ နန်းချိုရေအားလျှပ်စစ် စီမံကိန်းကို အကောင်အထည်ဖော်ရန် ခွင့်ပြုခဲ့ပေသည်။

တည်ရှိ

အဆိုပါ နန်းချိုရေအားလျှပ်စစ် စီမံကိန်းကို အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၁) တည်ဆောက်ရေးမှ နေပြည်တော်ပျဉ်းမနား၏ အရှေ့ဘက် ၁၆မိုင်ခန့်အကွာ နန်းချိုချောင်းပေါ်တွင် တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ အဆိုပါ စီမံကိန်းမှာ လက်ရှိ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်ဖြန့်ဖြူး ပေးလျက်ရှိသော ပေါင်းလောင်း ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ အထက်ဘက် ၁၂မိုင်ခန့်အကွာ၌ တည်ရှိသည်။

အခန်းများ

စင်စစ် နန်းချိုချောင်းမှာ ပေါင်းလောင်းမြစ်အတွင်းသို့ စီးဝင်သော ချောင်းတစ်ခုဖြစ်ပြီး ပေါင်းလောင်းမြစ်နှင့် နန်းချိုချောင်းတို့ ပေါင်းဆုံရာနေရာ၏ အထက်ဘက် ခုနစ်မိုင်ခန့် အကွာတွင် နန်းချိုချောင်းကို ပိတ်၍ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ခြင်းဖြင့် ပေါင်းလောင်းမြစ်အတွင်းသို့ စီးဝင်သည့် နန်းချိုချောင်းရေမှာ လျော့နည်းမသွားသည့်အပြင် ယခုကဲ့သို့ ပေါင်းလောင်းမြစ်၏ အထက်ဘက်တွင် တမံတည်ဆောက်၍ ဓာတ်အား ထုတ်လုပ်ခြင်းဖြင့် မိုးရာသီတွင် နန်းချိုချောင်းသို့ အလျှံပယ် စီးဝင်သော ရေများကို သိုလှောင်စုဆောင်းနိုင်ပြီး လျှပ်စစ်ဓာတ်အားလည်း ပိုမိုရရှိမည်ဖြစ်ရာ နိုင်ငံအတွက် အကျိုးကျေးဇူးများလှသည်။

ရေစီးရေလာ

နန်းချိုချောင်း၏ ပတ်ဝန်းကျင်၌ မိုးရွာသွန်းမှုမှာ နှစ်စဉ်ပျမ်းမျှ မိုးရေချိန် ၆၅လက်မနှင့် ရေထုစီးနှုန်းမှာ (၁၀၂၄ ကုဗပေ/စက္ကန့်) ဖြစ်ပြီး ရေဆင်း ဧရိယာ ၃၁၇ စတုရန်းမိုင်ခန့်ရှိရာ နန်းချိုချောင်းသို့ ပျမ်းမျှစီးဝင်ရေဧက ပေ၇၆၇၁၁၀ ပမာဏရှိသဖြင့် ရေစီးရေလာ ကောင်းမွန်သော ချောင်းတစ်ခုဖြစ်သည်။

ပမာဏ

ထိုသို့ ရေထုပမာဏ များပြားလှသော ရေတို့မှာ မိုးကာလတွင် အရှိန်အဟုန်ဖြင့် စီးဆင်းနေသော်လည်း ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ နွေရာသီတွင် မြစ်ချောင်းများအတွင်း ရေမတင်သည်မှာ သဘာဝတစ်ခုပင် ဖြစ်သည်။

ရေပိုလွှဲ

ဤကဲ့သို့ နှစ်စဉ် အလဟဿ ဆုံးရှုံးနေရသော ရေအရင်းအမြစ်များကို အလျား၄၄၃ပေ ၁၃၅မီတာ၊ အမြင့် ၁၆၇ပေ ၅၁မီတာရှိ ကွန်ကရစ်ရေထိန်းတမံ (CVC) (Overflow Type) ဖြင့် လိုအပ်သလို ရေသိုလှောင်မည်ဖြစ်ပြီး ပိုလျှံသည့်ရေများကို အကျယ် ၃၄၉ပေရှိ ရေတံခါးမပါသော ရေပိုလွှဲ (Overflow Type) မှ ရေထုတ်လွှတ်သွားမည်ဖြစ်သည်။

နန်းချို ရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်ရေးကာလတွင် လျှပ်စစ်ဓာတ်အားအသုံးပြုရန်အတွက် ဆောင်တောင်ချောင်းတွင် ကီလိုဝပ် ၆၀ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်သည့် အသေးစားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတည်ဆောက်၍ ဓာတ်အား ထုတ်လုပ်သုံးစွဲလျက်ရှိပေသည်။

ပို့လွှတ်မည်

တည်ဆောက်ရေး လုပ်ငန်းများပြီးစီး၍ နန်းချိုရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ပြီးစီးပါက ရေထိန်းတမံရှိ ရေများကို အကျယ် ၄၉ပေ၊ အမြင့်၇၃ပေရှိ ရေတံခါးတပ် သံကူကွန်ကရစ် အမျိုးအစား ရေယူအဆောက်အအုံမှ တစ်ဆင့် အလျားပေ၇၃၃၀နှင့်အချင်း ၁၅ဒသမ၅ပေရှိ ရေသွယ်ဥမင်လိုဏ်ကိုဖြတ်၍ အလျား၂၆၉ပေ၊ အနံ ၇၉ ပေရှိ ရေထိန်းကန်သို့ ရေများပို့လွှတ်သွားမည်ဖြစ်သည်။

တစ်ဖန် ရေထိန်းကန်ရှိ ရေများကို အချင်း ၁၃ ပေ၊ အလျား ၈၇၆ ပေရှိ ဖိအားမြှင့် သံမဏိပိုက်လိုင်းကို ဖြတ်ပြီး ဓာတ်အားပေးစက်ရုံရှိ တာဘိုင် နှစ်လုံးကို ရေတွန်းအားဖြင့် လည်ပတ်စေ၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ဓာတ်ပေးစက်ရုံ

နန်းချို ရေအားလျှပ်စစ်ဓာတ်ပေး စက်ရုံမှာ အလျား ပေ၁၄၀၊ အနံ၈၉ ပေနှင့် အမြင့်၉၈ပေရှိပြီး ဓာတ်အားပေးစက်ရုံတွင် မဂ္ဂါဝပ်၂၀ အင်အားရှိ ဒေါင်လိုက်ဖရန်စစ် တာဘိုင်အမျိုးအစားစက်နှစ်လုံးတပ်ဆင်၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၄၀ ထုတ်လုပ်ကာ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို ဓာတ်အားပေးစက်ရုံအနီး အလျား ၂၄၈ပေ၊ အနံ၁၄၁ပေရှိ ဓာတ်အားခွဲရုံ (Switch Yard) မှ တစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်သို့ လျှပ်စစ်ဓာတ်အားများ ဖြည့်ဆည်းပို့လွှတ်သွားမည်ဖြစ်သည်။

သဘာဝအလှအပ

ရေအား လျှပ်စစ်စီမံကိန်းများ တည်ဆောက်ရာတွင် ပတ်ဝန်းကျင် သဘာဝ အလှအပများ မပျက်စီးရေး၊ သစ်တောသစ်ပင်များ မပြုန်းတီးရေးတို့အတွက် ရေမြေတောတောင် အနေအထားအလိုက် စီမံကိန်းတစ်ခုနှင့် တစ်ခုမတူညီသောအချက်များ ရှိတတ်ပေသည်။ သို့ဖြစ်၍ နန်းချိုရေအားလျှပ်စစ် စီမံကိန်းတွင် စာရေးသူရောက်ရှိခဲ့သော စီမံကိန်းများနှင့် မတူသည့်အချက်နှစ်ချက်ကိုတွေ့ခဲ့ရသည်။

အမျိုးအစား

ယင်းတို့မှာနန်းချိုရေအားလျှပ်စစ် စီမံကိန်းတွင် တည်ဆောက်မည့် ရေထိန်းတမံ(ရေလှောင်တမံ)မှာ မြေသားတမံ၊ ကျောက်ဖြည့်တမံ (Rock-Fill Dam with Earthcore), RCC Dam(Roller Compacted Concrete Dam) မဟုတ်မူဘဲ ကွန်ကရစ်တမံ (CVC) (Overflow Type) အမျိုးအစား ဖြစ်သည်။

ဆက်သွယ်မည်

နောက် ထူးခြားချက်တစ်ခုမှာ ရေယူအဆောက်အအုံမှ ရေထိန်းကန်သို့ အလျားပေ၇၃၃၀နှင့် အချင်း ၁၅ ဒသမ၅ပေရှိ ရေသွယ်ဥမင်လိုဏ်ဖြင့် ရေသွယ်ယူရာလမ်းခရီးတွင်စလူချောင်းရှိနေရာ စလူချောင်းကို မပိတ်လို၍ ချောင်း၏ ဝဲဘက်ကမ်းနှင့် ယာဘက်ကမ်းရှိ ရေသွယ်ဥမင်လိုဏ်နှစ်ခုကို အချင်း၁၅ဒသမ၅ပေနှင့် အလျား၃၈၄ပေရှိ ရေတံလျှောက် (Aqueduct)ဖြင့် ဆက်သွယ်မည်ဖြစ်သည်။

ခိုင်ခံ့ရေး

ယင်း ရေတံလျှောက်ကို စလူချောင်းပေါ်တွင် တံတားထိုး၍ တံတားပေါ်မှ ဖြတ်သန်းစေမည်ဖြစ်သည်။ တံတား ခိုင်ခံ့စေရေးအတွက် တံတားအောက်ခြေ (စလူချောင်းထဲ) တွင် ကွန်ကရစ်တိုင်နှစ်တိုင်ဖြင့် ထောက်ထားမည်ဖြစ်သည်။

အားသွန်ခွန်စိုက်

စီမံကိန်း လုပ်ငန်းများဖြစ်သော တမံအောက်ခြေမြေကြီး/ကျောက်သားတူးဖော်ခြင်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် မြေကြီး/ကျောက်သားတူးဖော်ခြင်းစသည့် လုပ်ငန်းများကို ယခုကဲ့သို့ ပွင့်လင်းရာသီတွင် အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် နန်းချိုချောင်းရေလွှဲရန် ယာယီရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ရေလွှဲရေထုတ်ပြွန်လုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိရာ မကြာမီအချိန်အတွင်း နန်းချိုရေအားလျှပ်စစ် စီမံကိန်းချောင်းရေလွှဲတော့မည်ဖြစ်သည်။

နန်းချို ရေအားလျှပ်စစ်စီမံကိန်းမှာ၂၀၁၀ပြည့်နှစ်တွင်တည်ဆောက်ပြီးစီးနိုင်မည်ဖြစ်၍ အဆိုပါစီမံကိန်းပြီးစီးပါကနှစ်စဉ်လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၁၅၂သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေနိုင်သော စီမံကိန်းတစ်ခုဖြစ်ပါကြောင်း သတင်းမြင်ကွင်းအဖြစ် ကွင်းဆင်းလေ့လာ ရေးသားလိုက်ရပါကြောင်း။ ။

(မြန်မာ့အလင်း)



ရေလွှဲရေထုတ်ပြွန် ကွန်ကရစ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

နန်းချိုချောင်းနှင့် နန်းချိုရေအားလျှပ်စစ်စီမံကိန်း၏ မြင်ကွင်းတစ်စိတ်တစ်ဒေသ။ (မြန်မာ့အလင်း)

နန်းချို ရေအားလျှပ်စစ်စီမံကိန်း၏ ရေသွယ်ဥမင်လိုဏ်အဝင်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

စလူချောင်းတွင် ကွန်ကရစ်တိုင်တည်ဆောက်ရန်အောက်ခြေမြေသားရှင်းလင်းခြင်း (မြေကြီးကျောက်သား တူးဖော်ခြင်း) လုပ်ငန်းဆောင်ရွက်မှုကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

အဆိပ်ပင်ကို ဆက်ပြီးရေမလောင်းသင့်ပါ

ကျော်ရဲမင်း

တလောက ခရီးတစ်ခုသွားရင်းနဲ့ နယ်ကရွာကလေးတစ်ရွာကို ရောက်ခဲ့ပါတယ်။ ဒီဘက်ခေတ်ရွာတွေက ရွာဆိုပေမယ့် အိမ်ကြီးအိမ်ကောင်းတွေနဲ့ပါ။ ကျေးလက်နေပြည်သူတွေရဲ့ လူမှုစီးပွားဘဝ အဆင့်မြင့်လာတာ၊ ပြေလည်လာကြတာတွေ့ရလို့ ဝမ်းသာစရာပါပဲ။ ရွာလယ်မကျတကျမှာလည်း ဗီဒီယိုရုံတစ်ရုံကို အခန့်သားတွေ့ခဲ့ရပါတယ်။ ကျေးလက်နေပြည်သူတွေရဲ့ တစ်နေ့တာ ဘဝအမောတွေကို ဖျော်ချတိုက်စား သိမ်းဆည်းပေးနေတဲ့ ကျေးလက်ဖျော်ဖြေရေးစင်မြင့်တစ်ခုအဖြစ် ရှိသင့်တာပဲမဟုတ်လား။

ရွာကလေးက အိမ်ခြေ ၈၀ကျော်လောက်ရှိပါလိမ့်မယ်။ ရွာထဲမှာ လည်ရင်းပတ်ရင်း သတိထားမိလာတာကတော့ အိမ်ကြီးအိမ်ကောင်းတွေ၊ ပျဉ်ထောင်သွပ်မိုးအိမ်တွေ တော်တော်များများရှိတဲ့အပြင် ဂြိုဟ်တုစလောင်းတွေလည်း ၁၀ခုဝန်းကျင်လောက် တွေ့ခဲ့ရပါတယ်။ ကျေးလက်ရဲ့ဖျော်ဖြေရေးစင်မြင့်ဗီဒီယိုရုံလေးမှာလည်း စလောင်းနဲ့ပါ။ စီးပွားရေးအဆင်ပြေလာပြီး အကြောင်းဟန်တော့ စလောင်းလှန်နိုင်လာကြဟန်တူပါရဲ့။ စလောင်းဆိုတာကလည်း အခုခေတ်မှာ ဈေးပေါပေါနဲ့ လွယ်လွယ်ကူကူ ဝယ်ယူတပ်ဆင်ပြီး ကြည့်နိုင်ကြတယ်မဟုတ်လား။

ရွာကလေးက စလောင်းတွေကိုကြည့်ရင်း စလောင်းနဲ့ပတ်သက်တဲ့ အတွေးလေးတွေကို ဆက်ပြီးတွေးဖြစ်ပါတယ်။

တကယ်တော့ ကျွန်တော်တို့နိုင်ငံမှာ ဂြိုဟ်တုစလောင်း အပါအဝင် ရေဒီယို၊ တီဗွီ၊ ဗီဒီယိုစတဲ့ စက်ပစ္စည်းများအတွက် ဥပဒေနဲ့ နည်းဥပဒေတွေ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ဆီမှာ ရေဒီယို၊ တီဗွီ၊ ဗီဒီယို၊ ဂြိုဟ်တုစလောင်းတွေ မြို့တိုင်း၊ ရွာတိုင်း၊ အိမ်တိုင်းနီးပါး မှုလိုပေါက်နေပေမယ့် စက်တွေအားလုံးနီးပါးဟာ တရားဝင်မှတ်ပုံတင်ထားတဲ့၊ နှစ်စဉ်ကြေးဆောင်ထားတဲ့စက်တွေ မဟုတ်ကြပါဘူး။ ဥပဒေကို မသိကျိုးကျွန်ပြုပြီး ခပ်တည်တည် ဝယ်ယူတပ်ဆင်အသုံးပြုနေကြတဲ့သူတွေက ပိုများပါလိမ့်မယ်။

မြို့ကြီးတွေမှာဆိုရင် စလောင်းဗန်းတွေက အိမ်တိုင်း ခေါင်မိုးပေါ်မှာ စီပြီးပြည့်နေတာပါပဲ။ ဒီရွာလေးမှာတောင် စလောင်း ၁၀ခုဝန်းကျင်ရှိနေပြီဆိုတော့ မြို့မှာ ပြည့်နှက်နေတာလည်း မဆန်းလှပါဘူး။ အခုလို ကျွန်တော်တို့ လက်လှမ်းတမီမြင်ကွင်းထဲမှာတောင် တီဗွီတွေ၊ စလောင်းတွေ မြို့ပြကျေးလက်လုပ်ငန်းခွင်အနှံ့ ဒါလောက်များနေမယ်ဆိုရင် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ကြည့်ရင် ဘယ်လောက်များလိုက်မလဲဆိုတာ သိစေချင်တာပါပဲ။ ဂြိုဟ်တုစလောင်းဆိုတာ ဒီနေ့ခေတ်အခါမှာ ဈေးပေါပေါနဲ့ လွယ်လွယ်ဝယ် လွယ်လွယ်တပ်လို့ရနေပြီဆိုတော့ လွယ်လွယ် ကြည့်နေကြတဲ့ သဘောပါ။ အများစုက ဖျော်ဖြေရေးသက်သက်လို့ သဘောထားတယ်ဆိုပေမယ့် တကယ်တော့ အဆိပ်အတောက်မကင်းဘူးဆိုတာကို မေ့နေကြဟန်တူပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ MRTV အနေနဲ့ ပြည်သူလူထုအတွက် ပညာပေးရန်၊ ပြန်ကြားပေးရန်နဲ့ ဖျော်ဖြေပေးရန်ဆိုတဲ့ ရည်ရွယ်ချက်(၃)ရပ်နဲ့ ရုပ်သံအစီအစဉ်တွေကို ထုတ်လွှင့်ပေးနေတာ အားလုံးအသိပါ။ အလားတူ MWD TV သည်လည်း ပြည်သူ့အတွက် ထုတ်လွှင့်ပေးနေတာတွေရှိပါတယ်။ အဲဒီလို ထုတ်လွှင့်ရာမှာ ပြည်သူအတွက် အကျိုးရှိစေပြီး အဆိပ်အတောက်ဖြစ်စေမယ့် အစိတ်အပိုင်းတွေကို စိစစ်ဖယ်ထုတ် ဆင်ဆာလုပ်ပြီးမှ ထုတ်လွှင့်ပေးနေတာပါ။ ဒါပေမယ့် ဂြိုဟ်တုစလောင်းကနေ တိုက်ရိုက်ဖမ်းယူကြည့်ရှုတဲ့ အစီအစဉ်တွေမှာတော့ ကျွန်တော်တို့ပြည်သူအတွက် ဖျော်ဖြေရေးပါဝင်သလို အခြားတစ်ဖက်ကလည်း နိုင်ငံတော်အစိုးရရဲ့ မူဝါဒတွေနဲ့ ဆန့်ကျင်တဲ့ သတင်းတွေ၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးတမ်းတွေကို ထိခိုက်စေနိုင်တဲ့ အစီအစဉ်တွေ၊ အကျင့်စာရိတ္တ နိမ့်ပါးပျက်ယွင်း လမ်းမှားရောက်စေနိုင်တဲ့ ပြကွက်တွေ ပါဝင်လာတတ်တယ်ဆိုတာ ကျွန်တော်တို့အားလုံး အသိပဲဖြစ်ပါတယ်။ ဒါတွေကို သိသိကြီးနဲ့ အထိန်းအကွပ်မဲ့ လွှတ်ထားမယ်ဆိုရင် ဖြစ်ပေါ်လာတဲ့ ဆိုးကျိုးတွေကို ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူပဲ ခံစားနစ်နာကြရမှာ ဖြစ်တယ်ဆိုတာ မမေ့စေချင်ပါဘူး။

ကျွန်တော် တီးမိခေါက်မိသလောက် ပြောရရင် ဂြိုဟ်တုစလောင်းတွေနဲ့ ပတ်သက်ပြီး လွှတ်လွှတ်လပ်လပ် ခွင့်ပြုထားတဲ့နိုင်ငံ အတော့်ကိုရှားပါတယ်။ အနည်းနဲ့အများဆိုသလို Media Control သဘောမျိုး ထိန်းချုပ်ထားတဲ့ နိုင်ငံတွေချည်းလိုလိုပါပဲ။ ထိန်းချုပ်ရတဲ့အကြောင်းရင်းတွေ မတူညီနိုင်ကြပေမယ့် ဘယ်နိုင်ငံ၊ ဘယ်အစိုးရမဆို ကိုယ့်အမျိုးသား အကျိုးစီးပွားကို ကာကွယ်ဖို့ တာဝန်ရှိကြတာပဲမဟုတ်လား။ ဒီတော့ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် အဆိပ်အတောက်ဖြစ်စေမှန်းသိရင် ဒီဟာကို ထိန်းချုပ်ကန့်သတ်ကြရတာပါပဲ။ ဥပမာပြောရရင် အိမ်နီးချင်း တရုတ်နိုင်ငံမှာဆိုရင် ဂြိုဟ်တုစလောင်းကြည့်ခွင့်ကို သာမန်အားဖြင့် ပြည်သူလူထုအတွက် ခွင့်ပြုမထားပါဘူး။ ပြည်သူအတွက် Cable TV, Pay TV, Free to Air ထုတ်လွှင့်မှုတွေနဲ့ ဝန်ဆောင်မှုပေးပြီး စလောင်းကို ထိန်းချုပ်ထားပါတယ်။ ခြွင်းချက်အနေနဲ့ သံတမန်အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဆင့် ဟိုတယ်ကြီးတွေ၊ နိုင်ငံခြားသားများနေထိုင်တဲ့ ရပ်ကွက်များမှာသာ လိုင်စင်နဲ့ ဖမ်းယူကြည့်ရှုခွင့်ပြုထားတာပါ။ ကြည့်ရှုလိုတဲ့ Channel အရေအတွက်၊ အမျိုးအစားအလိုက် လိုင်စင်ကြေး မပျက်မကွက် ပေးဆောင်ကြရပါတယ်။

အလားတူ စင်ကာပူနိုင်ငံမှာလည်း မီဒီယာကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်ထားပြီး ဂြိုဟ်တုဖမ်းစက်များကို အများပြည်သူသုံးစွဲခွင့် ကန့်သတ်ထားကြောင်း သိရပါတယ်။ နိုင်ငံအတွင်းမှာတော့ Cable TV, Pay TV, Free to Air Channel တွေ လွှင့်ပေးထားပြီး စလောင်းကို ဘဏ်တွေ၊ စီးပွားရေးအဖွဲ့အစည်းတွေ၊ သံတမန်အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဆင့် ဟိုတယ်ကြီးတွေ၊ နိုင်ငံခြားဘာသာသင်ကျောင်းများနဲ့ တက္ကသိုလ်တွေအတွက်ပဲ လိုင်စင်ယူစေပြီး စိစစ်ခွင့်ပြုပေးထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အလားတူ ထိုင်း၊ မလေးရှား၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယားစသည်တို့မှာလည်း စလောင်းကြည့်ရှုခွင့်ကို သူ့နည်းသူ့ဟန်နဲ့ ထိန်းချုပ်မှုများရှိကြောင်း လေ့လာမှတ်သားမိပါတယ်။ သေချာတာကတော့ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ လွှတ်လွှတ်လပ်လပ်ကြီးကြည့်နေကြတဲ့ ရှစ်ပေစလောင်းကို အများပြည်သူတွေ တစ်ဦးချင်း ဖမ်းယူကြည့်ရှုခွင့် လုံးဝမပေးထားဘူး ဆိုတာပါပဲ။

ရုပ်မြင်သံကြား ထုတ်လွှင့်ခွင့်ကို နိုင်ငံတော်ပိုင်၊ အစိုးရပိုင်ကဏ္ဍနဲ့ ထိန်းချုပ်ထားတဲ့နိုင်ငံတွေရှိသလို ပုဂ္ဂလိကနဲ့ Joint လုပ်ပြီး အစိုးရက ထိန်းချုပ်ပေးထားရတဲ့နိုင်ငံတွေလည်း အများကြီးရှိနေပါတယ်။ ဒါ့အပြင် ကမ္ဘာ့နိုင်ငံအများအပြားမှာ ဂြိုဟ်တုစလောင်းကြည့်ရှုခွင့်ကို ထိန်းချုပ်ထားတဲ့အပြင် ဂြိုဟ်တုစလောင်းနဲ့ဆက်စပ်ပစ္စည်းများတင်သွင်းခွင့်၊ ဖြန့်ချီရောင်းချခွင့်များကိုလည်း ဥပဒေများနဲ့အညီ ကြီးကြပ်ထိန်းချုပ်ထားတာကိုတွေ့ရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ဆီမှာတော့ စလောင်းနဲ့ဆက်စပ်ပစ္စည်းတွေကို တရားမဝင်နည်းလမ်းတွေနဲ့တင်သွင်း၊ ရောင်းဝယ်၊ ဖြန့်ဖြူး၊ တပ်ဆင်သုံးစွဲလာခဲ့ကြတာ ဆယ်စုနှစ်တစ်ခု မကတော့ပါဘူး။ နိုင်ငံတော်အစိုးရအနေနဲ့ အများပြည်သူ သက်သာချောင်ချိမှုကိုရှေးရှုပြီး တင်းတင်းကျပ်ကျပ် မကိုင်တွယ်ခဲ့တဲ့အပေါ် အခွင့်ကောင်းယူပြီး ထင်တိုင်းကြဲခဲ့ကြတာ ကာလမနည်းလှတော့ပါဘူး။ ဒီအတွက် နိုင်ငံတော်ကရသင့်ရထိုက်တဲ့ ကုန်သွယ်မှုအခွန်အခတွေ၊ လိုင်စင်ကြေးတွေ၊ နှစ်စဉ်ကြေးတွေစသည်ဖြင့် အခွန်ဘဏ္ဍာဆုံးရှုံးမှုတွေလည်း အတိုင်းအတာတစ်ခုအထိရှိနေမှာ အမှန်ပါ။ မှတ်ပုံတင်မှု၊ လိုင်စင်ကြေးပေးဆောင်မှုတွေကို ဥပဒေနဲ့အညီအညွတ်ဆောင်ရွက်ကြဖို့လိုသလို အခွန်အခများကိုလည်း ခေတ်နဲ့အညီ ပြင်ဆင်သတ်မှတ်ကောက်ခံသွားဖို့ လိုနေပါပြီ။

ဒီနေ့ ကျွန်တော်တို့ဆီမှာ တစ်ဦးချင်းဖြစ်စေ၊ ဟိုတယ်၊ မိုတယ်များမှာဖြစ်စေ စလောင်းကို လိုင်စင်ရယူထားသည့်တိုင်အောင် ဖမ်းယူကြည့်ရှုနိုင်မယ့် Channel အမျိုးအစားသတ်မှတ်နိုင်ခြင်းမရှိတဲ့အတွက် နိုင်ငံတကာအစီအစဉ်များကို အထိန်းအကွပ်မဲ့ စိတ်ကြိုက်ရွေးချယ် ကြည့်ရှုခွင့်ရနေကြပါတယ်။ တစ်နည်းအားဖြင့် အဆိပ်အတောက်တွေ၊ ဝါဒမှိုင်းတွေ၊ အညီအဟောက်တွေကို ပိုက်ဆံပေးပြီးဝယ်နေကြတဲ့သဘောဖြစ်မနေပေဘူးလား။ ဒီတော့ ဒီစလောင်းကိစ္စဟာ ဘာမှမဟုတ်ဘူးလို့ ထင်ရပေမယ့် အမျိုးသားရေးအမြင်နဲ့ ကြည့်ရင် အတွင်းရိုးတွင်းခြင်ဆီထိအောင် တဖြည်းဖြည်းလိုက်စားနိုင်တဲ့ အိုင်းအနာကြီး တစ်ခုစွဲကပ်နေခြင်းဖြစ်တယ်ဆိုတာ မြင်တတ်၊ ကြည့်တတ်၊ နားလည် တတ်ဖို့ လိုပါလိမ့်မယ်။ ဒီအိုင်းအနာကြီးကို တစ်ချိန်ချိန်မှာတော့ အမြစ်ပြတ်သွားအောင် ကုသဖယ်ရှားပစ်ဖို့လိုမှာပါ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ဆီမှာတော့ ရှစ်ပေစလောင်းရော၊ နှစ်ပေစလောင်းတွေရော တော်တော်လေး ကျယ်ပြန့်နေပါပြီ။ ဒါက ဘယ်သူမှ ငြင်းလို့မရတဲ့အချက်ပါ။ ရှစ်ပေစလောင်းတွေဆိုရင် လိုင်းပေါင်း ၁၇၀ကျော်အထိ ရနေတာပါ။ အဲဒီလိုင်းတွေထဲမှာ နိုင်ငံသားတို့ရဲ့ စည်းကမ်းနဲ့ စနစ်တကျရှိမှုကို ထိခိုက်ပျက်ပြားစေတဲ့ Channel တွေ၊ လူမှုရေး၊ ယဉ်ကျေးမှုနဲ့ အကျင့်စာရိတ္တကို ယိုယွင်းပျက်စီးစေတဲ့ Channel တွေ၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ကို ယိမ်းယိုင်ချည့်နဲ့စေတဲ့ Channel တွေ၊ ရာဇဝတ်မှုဘက်ကို တွန်းပို့ပြီး အမှားသံသရာမှာ လည်စေနိုင်တဲ့ Channel တွေ စသည်ဖြင့် ကောင်းကျိုးထက် ဆိုးကျိုးဘက်ကို ပိုပြီးအလေးသာနေတာလည်း အမှန်ပါပဲ။ အမျိုးသားရေးအကျိုးစီးပွားဘက်ကကြည့်ရင် ဒါတွေကို အချိန်မီကုစားဖို့ သင့်ပြီလို့ ဆိုချင်ပါတယ်။

နိုင်ငံတကာမှာတော့ ဒီဂြိုဟ်တုစလောင်းတွေကို ထိန်းချုပ်နိုင်ဖို့အတွက် တစ်နည်းအားဖြင့် ဂြိုဟ်တုစလောင်းတွေကို ကန့်သတ်ပြီး အများပြည်သူကို အစားထိုးဝန်ဆောင်မှု ပေးနိုင်ဖို့အတွက် Pay TV တွေ၊ Free to Air Channel တွေ လုပ်နေကြပါတယ်။ အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများမှာ ဂြိုဟ်တုစလောင်းအစား လစဉ်ကြေးနဲ့ ဝန်ဆောင်မှုပေးနေတဲ့ Cable TV တွေ၊ Pay TV တွေ အခမဲ့ကြည့်ရှုနိုင်တဲ့ Free to Air အစီအစဉ်တွေ လုပ်ထားပါတယ်။ ထိုင်း၊ မလေးရှား၊ အိန္ဒိယ၊ လာအို၊ အင်ဒိုနီးရှားအားလုံး ထိုနည်းလည်းကောင်းပါပဲ၊ လူထုအတွက် စလောင်းကို ထိန်းချုပ် ပြီး အဲဒီစလောင်းအစီအစဉ်တွေကိုပဲ ဆင်ဆာလုပ် စိစစ်တည်းဖြတ်ပြီးမှ DTH (Direct to Home) စနစ်နဲ့ပုဂ္ဂလိကတွေကို စိစစ်ခွင့်ပြုထားတဲ့ ပုံစံတွေလည်း ရှိပါတယ်။ ဥပမာ ထိုင်းမှာဆိုရင် UBC၊ မလေးရှားမှာဆိုရင် ASTRO၊ ဖိလစ်ပိုင်မှာဆိုရင် ABS-CBN စတဲ့ ပုဂ္ဂလိကကုမ္ပဏီများက DTH စနစ်နဲ့ ဝန်ဆောင်မှုပေးနေကြပါတယ်။

ကျွန်တော်တို့ဆီမှာလည်း အခုဆိုရင် MRTV-4 ဆိုတာပေါ်လာပါပြီ။ MRTV-4 ဟာ Pay TV အမျိုးအစား ဖြစ်ပါတယ်။ MRTV တို့၊ MWD တို့ကတော့ Free to Air အမျိုးအစားဖြစ်တဲ့အတွက် နိုင်ငံသားများ အသိပညာဗဟုသုတ ကြွယ်ဝစေရေး၊ ဖျော်ဖြေမှုပေးရေး၊ သတင်းအချက်အလက်ဖြန့်ဝေပေးရေးတို့ကို အချိုးညီညီ ဦးတည်ဆောင်ရွက်သွားမှာ ဖြစ်ပေမယ့် MRTV-4 ကတော့ Pay TV ဖြစ်တာနဲ့အညီ အများပြည်သူ လိုလားတဲ့ ပညာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဖျော်ဖြေရေး၊ နိုင်ငံတကာသတင်း စတဲ့ အစီအစဉ်များစွာကို စိတ်ကြိုက်ရွေးချယ် ကြည့်ရှုနိုင်အောင် ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ ကြည့်ရှုသူတွေအတွက် အဆိပ်အတောက်ကင်းပြီး အသိပညာဗဟုသုတ၊ စက်မှုနည်းပညာ၊ အတွေးအခေါ်များ ဖွံ့ဖြိုးလာအောင် ဝန်ဆောင်မှုပေးနိုင်ဖို့ ရည်ရွယ်တယ်လို့ ဆိုပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေဖို့ အရေးကြီးလှပါတယ်။

MRTV-4 ဟာ DVB-T စနစ်နဲ့ ထုတ်လွှင့်လျက်ရှိပြီး ယခုအချိန်အထိ ရန်ကုန်၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ နေပြည်တော်ပျဉ်းမနား၊ မိတ္ထီလာ၊ ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်၊ ပြည်၊ မင်းလှ၊ ကျောင်းကုန်း၊ ပုသိမ်၊ မင်းဘူး၊ ထားဝယ်၊ ကျိုင်းတုံ၊ တောင်ကြီး၊ လားရှိုး၊ မော်လမြိုင်၊ မြဝတီ၊ စစ်တွေ၊ လွိုင်ကော်၊ မြစ်ကြီးနား၊ ဟားခါးစတဲ့ ပြည်နယ်၊ တိုင်းအသီးသီးက မြို့ကြီး ၂၄မြို့မှာ စက်ရုံများဖွင့်လှစ်ပြီး ထုတ်လွှင့်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း သံတွဲ၊ အမ်း၊ ပခုက္ကူ၊ မြိတ်၊ ဘားအံ၊ မူဆယ် စတဲ့ မြို့ကြီး ၆မြို့မှာ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း တည်ဆောက်ပြီးစီးမှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ကလေး၊ လပွတ္တာ၊ ဘိုကလေး၊ ကော့သောင်း၊ တာချီလိတ်၊ ကျောက်မဲ၊ ဗန်းမော်၊ နမ်းမား၊ ဖားကန့် စတဲ့ ၉ မြို့မှာ ၂၀၀၉ခုနှစ် မေလအတွင်း တည်ဆောက်ရန် လျာထားတယ်လို့ သိရပါတယ်။ ဒါတွေကို ကြည့်ရင် MRTV-4 အနေနဲ့ နိုင်ငံအနှံ့ လွှမ်းခြုံနိုင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတယ်ဆိုတာ ထင်ရှားပါတယ်။

ဒါဟာ နိုင်ငံတော်အပိုင်းက ပြည်သူကို အဆိပ်အတောက်ကင်းတဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့ ကြိုးပမ်းချက်တစ်ရပ်ဖြစ်ပါတယ်။ MRTV-4 Pay TV ကို ပြည်သူတွေအတွက် အဆင်ပြေသက်သာမှုရှိအောင် နိုင်ငံတော်အပိုင်းကလည်း အခွန်အခ မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝရရှိနိုင်အောင် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံးကို လွှမ်းခြုံထုတ်လွှင့်ပေးနိုင်မယ့် အချိန်ဟာလည်း မဝေးတော့ပါဘူး။ ယခုအချိန်အထိ စိတ်ဝင်စားဖွယ် အကောင်းဆုံး Channel ၂၀ကျော် ရွေးချယ်ထုတ်လွှင့်ပေးထားတာဖြစ်တဲ့အတွက် စလောင်းမကြည့်ရရင် နိုင်ငံတကာနဲ့ အဆက်အသွယ်ပြတ်ပါပြီ။ မျက်စိပိတ်၊ နားပိတ်ဖြစ်ကုန်ပါပြီလို့ အော်ချင်ဟစ်ချင်တဲ့ ပုဂ္ဂိုလ်ကျော်များအတွက်လည်း MRTV-4 က အသင့်ရှိနေပါပြီလို့ ဆိုရမှာပါပဲ။

တကယ်တော့ ဂြိုဟ်တုစလောင်းတွေဆိုတာ မိမိပိုင်မီဒီယာလက်နက်နဲ့ ဖျော်ဖြေမှုအနုပညာကို ခုတုံးလုပ်ပြီး နိုင်ငံတကာကို မီဒီယာအရ ဩဇာလွှမ်းမိုးလာနိုင်ဖို့ ရည်ရွယ်ထုတ်လွှင့်နေကြတာဖြစ်ပါတယ်။ ဒါ့အပြင် အခုအခါမှာ နိုင်ငံရေးအမှောင့်ပယောဂပါ ပူးကပ်ပြီးပစ်မှတ်နိုင်ငံ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှု၊ ဆူပူအုံကြွအောင် သွေးထိုးလှုံ့ဆော်မှု၊ ညစ်ညမ်းအစီအစဉ်တွေရဲ့ အမျိုးသားရေးစရိုက်လက္ခဏာ၊ အမျိုးသားရေးစိတ်ဓာတ်ကိုပါ ရိုက်ချိုးဖျက်ဆီးမှုတွေအထိ လက်ရဲဇက်ရဲကျူးကျော်နယ်ချဲ့လာနေတဲ့အတွက် နိုင်ငံအသီးသီးမှာ တားမြစ်ပိတ်ပင်မှုတွေ၊ ထိန်းချုပ်မှုတွေ ကိုယ့်အစီအစဉ်နဲ့ကိုယ် လုပ်နေကြရပါတယ်။ ဒါဟာ အချုပ်အခြာပိုင် နိုင်ငံတိုင်းက ကိုယ့်အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ မဖြစ်မနေလုပ်ကြရမယ့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်လာပါပြီ။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးရဲ့ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ အမျိုးသားရေးစိတ်ဓာတ်ဆိုင်ရာ၊ အမျိုးသားရေးစရိုက်လက္ခဏာဆိုင်ရာတန်ဖိုးများဟာ ရှေးအဆက်ဆက်ကတည်းက သူ့တန်ဖိုးနဲ့သူ တည်ရှိနေပြီးသား ဖြစ်ပါတယ်။ ဒီတန်ဖိုးတွေဟာ နိုင်ငံတစ်နိုင်ငံနဲ့ တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနဲ့တစ်မျိုး ဘယ်လိုမှ ထပ်တူညီနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် သေချာတာကတော့ ကျွန်တော်တို့ နိုင်ငံနဲ့ ကျွန်တော်တို့လူမျိုးဟာ ဖော်ပြပါ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစိတ်ဓာတ်နဲ့ အမျိုးသားရေးစရိုက်လက္ခဏာဆိုင်ရာ တန်ဖိုးအရာမှာတော့ အခြားနိုင်ငံ၊ အခြားလူမျိုးအားလုံးထက် သာကိုသာတယ်လို့ ကျွန်တော်တို့အလေးအနက် ယုံကြည်ခံယူလျက်ရှိကြပါတယ်။ ဒါကြောင့် တန်ဖိုးမဖြတ်နိုင်တဲ့ ကျွန်တော်တို့ရဲ့စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတွေ၊ အမျိုးသားရေးစိတ်ဓာတ်နဲ့ အမျိုးသားရေး စရိုက်လက္ခဏာတွေ ဖြိုချတိုက်စားမခံရအောင်၊ လျှော့ပါးနိမ့်ကျ တိမ်ကောမသွားရအောင် မီဒီယာနည်းလမ်းအရ ကာကွယ်စောင့်ရှောက်ကြဖို့၊ ထိန်းသိမ်းကြဖို့ အချိန်တန်ပြီလို့ အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိနဲ့ နှိုးဆော်တိုက်တွန်းလိုက်ရပါတယ်။

အဆိပ်ပင်မှန်းသိလျက်နဲ့ ဆက်ပြီးရေလောင်းနေရလောက်အောင် ကျွန်တော်တို့မမိုက်မဲသင့်တော့ပါဘူး။ လောလောဆယ်အဆင်ပြေနေသေးတာပဲဆိုပြီး အဆိပ်ပင်ကို ဆက်ပြီးဖက်တွယ်နေဖို့လည်း မသင့်ပါဘူး။ အဆိပ်ပင်ကို အဆိပ်ပင်လို့ပဲ မှန်မှန်ကန်ကန်ရှုမြင်ပြီး ပြည်သူများက ပြုပြင်သင့်ပြီ ဖြစ်ကြောင်း ပြောကြားပါရစေ။ ။

စလောင်းကိစ္စဟာ ဘာမှမဟုတ်ဘူးလို့ ထင်ရပေမယ့် အမျိုးသားရေးအမြင်နဲ့ ကြည့်ရင် အတွင်းရိုးတွင်းခြင်ဆီထိအောင် တဖြည်းဖြည်းလိုက်စားနိုင်တဲ့ အိုင်းအနာကြီးတစ်ခု စွဲကပ်နေခြင်းဖြစ်တယ်ဆိုတာ မြင်တတ်၊ ကြည့်တတ်၊ နားလည်တတ်ဖို့လို။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်အတွက် ရတနာပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

နေပြည်တော်၌ တည်ထားကိုးကွယ်မည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၌လည်းကောင်း၊ မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌လည်းကောင်း ရင်ငွေ့လှုံ ကိန်းဝပ်ပူဇော်ခံပြီး ဖြစ်ပါသည်။

ဖေဖော်ဝါရီလ ၁၈ရက်နေ့မှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ကုန်းတော်ရှိ ဓမ္မာရုံ၌ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်ပါသည်။ ပူဇော်လှူဒါန်းလိုသူ အလှူရှင်များသည် ထည့်သွင်းပူဇော်လိုသော ရတနာပစ္စည်းများကို နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီသို့ ဆက်သွယ်၍ ပူဇော်လှူဒါန်းနိုင်ပါသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၌ အပူဇော်ခံထားရှိသည့်အချိန်တွင် ပန်းထိမ်အဖွဲ့များပါ တစ်ပါတည်းထားရှိပေးမည်ဖြစ်၍ ကိုယ်တိုင်ကိုယ်ကျ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တွင် ထည့်သွင်းပူဇော်လိုသည့် ပစ္စည်းများအား လာရောက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင် ၃၈၀ ခရီးရှည် အမျိုးသား စက်ဘီးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်-မော်လမြိုင်-ရန်ကုန် မိုင်၃၈၀ ခရီးရှည် အမျိုးသားစက်ဘီးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ရက်တွင် ကျင်းပမည်ဖြစ်သည်။

စတင်တာထွက်

ဖေဖော်ဝါရီ ၂၃ရက် နံနက် ၆နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းရှေ့မှ စတင်တာထွက်မည်ဖြစ်ပြီး ဝေဇယန္တာလမ်းမှတစ်ဆင့် အမှတ် ၃လမ်းမကြီးအတိုင်း ထောက်ကြန့်-လှည်းကူး၊ ပဲခူး၊ ဘုရားကြီး၊ ဝေါ၊ စစ်တောင်းတံတားအသစ်မှ ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့၌ ပန်းဝင်၍ ညအိပ်ရပ်နားမည်ဖြစ်သည်။

ကျိုက်ထို

ဖေဖော်ဝါရီ၂၄ရက်တွင် ကျိုက်ထိုအားကစားကွင်းရှေ့မှ ဘီးလင်း၊ သထုံ၊ ပေါင်၊ မော်လမြိုင်မြို့ ကမ်းနားလမ်းအတိုင်း စီးနင်း၍ အကောက်ခွန်ရုံးရှေ့၌ ပန်းဝင်မည်ဖြစ်သည်။

မော်လမြိုင်

ဖေဖော်ဝါရီ ၂၅ရက်တွင် မော်လမြိုင်မြို့ ကမ်းနားလမ်း အကောက်ခွန်ရုံးရှေ့မှ ပေါင်၊ သထုံ၊ ဘီးလင်း လမ်းကြောင်းအတိုင်း ကျိုက်ထိုမြို့နယ် အားကစားကွင်းရှေ့၌ ပန်းဝင်မည်ဖြစ်သည်။

ဖေဖော်ဝါရီ ၂၆ရက်တွင် ကျိုက်ထို-စစ်တောင်းတံတားအသစ်၊ ဝေါ၊ ဘုရားကြီး၊ ပဲခူး၊ ထောက်ကြန့် လမ်းကြောင်းအတိုင်း ယှဉ်ပြိုင်၍ ထောက်ကြန့် ကျွန်းအမှတ်(၂၃)၌ ပန်းဝင်မည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲကို ညနေ ၃နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

မိုင်၃၈၀ ခရီးရှည်စက်ဘီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီ ပံ့ပိုးကြရန် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ပြတံတား ရွှေကျင်၌ တည်ဆောက်

ရွှေကျင် ဖေဖော်ဝါရီ ၁၆

ရွှေကျင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော ဗိုလ်ချုပ်လမ်းနှင့် နဝဒေးလမ်းဆုံ မြောင်းကူး ကွန်ကရစ်တံတား အလျားပေ ၂၀၊ အကျယ် ၅ပေ၊ အမြင့် ၅ပေရှိ တံတား တည်ဆောက်နေမှုကို ဇန်နဝါရီ ၁ရက်က အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝင်းကျော်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အထက(၃) သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အထက(၃)သဃ်န်းကျွန်း (၁၉၆၉မှ ၁၉၈၇/၈၈)ခုနှစ် ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် အသက်(၆၀)နှင့်အထက် (အငြိမ်းစား) ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၈ရက် (စနေနေ့) နံနက်၉နာရီတွင် အဆိုပါကျောင်းရှိ မြည်ီလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများသည် ဖေဖော်ဝါရီ ၂၁ရက် မွန်းလွဲ ၁နာရီ နောက်ဆုံးထား၍ ဦးမြင့်စိုးဝင်း(နာယက)ဖုန်း- ၅၈၁၁၆၃၊ ဦးစန်းထွန်း(နာယက) ဖုန်း-၅၆၁၆၉၇၊ ဦးလှသန်း(နာယက)၊ ဦးခင်မောင်ညွှန့် (ဥက္ကဋ္ဌ)ဖုန်း-၀၉-၅၀၆၃၀၉၀၊ဦးမောင်မောင်မြင့် (ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁-၄၈၅၄၄၊ ဦးသန်းထွန်း (ဒုတိယဥက္ကဋ္ဌ) ဖုန်း-၅၇၂၀၀၂၊ ဦးတင်ရွှေ(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉-၅၀-၀၄၃၉၀၊ ဦးမြင့်ခိုင်(အတွင်းရေးမှူး)ဖုန်း-၀၉-၅၀-၆၃၁၉၅၊ ၀၉-၅၀-၉၃၁၉၅၊ ဦးမြင့်အောင် ဖုန်း- ၅၇၀၅၇၇၊ ၅၇၀၅၇၈၊ ဦးကျော်ကျော် (အတွင်းရေးမှူး) ဖုန်း-၀၉-၅၁-၂၄၄၆၈၊ ဦးစိန်ထွန်းအောင်(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁-၆၁၈၈၃၊ ဒေါ်ဝင်းဝင်းကြိုင်(စာရင်းစစ်အဖွဲ့ခေါင်းဆောင်)ဖုန်း-၀၉-၅၁-၉၃၈၃၉၊ ဒေါ်ခင်ခင်မြ(အဖွဲ့ဝင်) ဖုန်း-၅၆၁၃၅၈ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လမ်း / တံတားလုပ်ငန်းဆိုင်ရာများမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၄ရက် နံနက်၁၀နာရီတွင် ရန်ကုန်မြို့ရှိ ဒဂုံတံတားရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လက်ရှိတာဝန်ယူဆောင်ရွက်နေသော လမ်း-တံတားလုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားသည့် အချက်အလက်များကို ထပ်ဆင့်ရှင်းလင်း မှာကြားသည်။

ဆွေးနွေးမှာကြား

ထို့နောက် တံတားဒီဇိုင်းတာဝန်ခံ အင်ဂျင်နီယာမှူး ဦးနေအောင်ရဲမြင့်က ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၄)က တာဝန်ယူ တည်ဆောက်နေသော စစ်ကိုင်းတိုင်းအတွင်းရှိ သီရိမင်္ဂလာခုံးကျော်တံတား တည်ဆောက်နေမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်မြို့ရှိ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပညာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန် ပညာရေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ တက္ကသိုလ်များသိပ္ပံ သုတေသနဌာနနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့သို့ လည်းကောင်း၊ ဖေဖော်ဝါရီ၁၅ရက် နံနက်ပိုင်းတွင် ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တို့သို့လည်းကောင်း၊ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် သန်လျင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် သာကေတမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းတို့သို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲ အကြိုစစ်ဆေးနေမှုနှင့် ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

သွားရောက်ကြည့်ရှု

ယင်းနောက် ဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ်ရှိ အမျိုးသားစီမံခန့်ခွဲမှု ပညာကောလိပ်သို့ လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ဖေဖော်ဝါရီ ၁၅ရက်တွင် နေပြည်တော်တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိကာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ပြည်ထဲရေးဝန်ကြီးဌာန အလှူငွေဖြင့် တည်ဆောက်နေသော တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်နေသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** ထိုမှတစ်ဆင့် ဝန်ကြီးသည် တဲမြင့်ကျေးရွာအုပ်စုမှ လာဘက်တံတားပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုအားပေးကာ ဘိလပ်မြေ အိတ်၂၀၀ကို လှူဒါန်းသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဝန်ကြီးသည် သရက်ပင်ကျေးရွာ မူလတန်းကျောင်းဝင်းအတွင်း သရက်ပင်ကျေးရွာအုပ်စု၊ တဲမြင့်ကျေးရွာအုပ်စု၊ ကြက်သွန်ခင်းအုပ်စု၊ အုန်းပင်ကျေးရွာအုပ်စုရှိ ကျေးရွာခုနစ်ရွာမှ ရပ်မိရပ်ဖ၊ ရပ်ရွာပြည်သူများအားတွေ့ဆုံ၍ ကျေးလက်နေပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများကို မေးမြန်းပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးသည် ခေတ်အေးကျေးရွာ ဦးချိုတေး၏ ဘက်စုံလယ်ယာစိုက်ပျိုးရေးစနစ် (Integrated Farming System) သုံး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဦးချိုတေးပိုင် လယ်မြေ၁၂ဧက တစ်ယူနစ်တွင် ဆောင်ရွက်လျက်ရှိသည့် နွေစပါးစိုက်ပျိုးမှု၊ မှိုစိုက်ပျိုးမှု၊ နွား၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲမွေးမြူထားရှိမှုများနှင့် တိရစ္ဆာန် စွန့်ပစ်ပစ္စည်းများမှ ဇီဝဓာတ်ငွေ့ထုတ်လုပ်သည့်ကန်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

တူဒေးစာအုပ်တိုက်မှ ထုတ်ဝေသော CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းက ကြီးမှူးသည့် Myanmar Executive Forum ၏ Creative Responses to the Global Economic Crisis အမည်ရှိ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ၁၁ရက် နံနက်တွင် ရန်ကုန်မြို့ Parkroyal Yangon Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ဆောင်ရွက်ပြီး မြန်မာ့စီးပွားရေး လုပ်ငန်းနယ်ပယ်အသီးသီးမှ ကုမ္ပဏီစီအီးအိုများ၊ အမှုဆောင်အရာရှိများ တက်ရောက်ကြသည်။

၎င်းအလုပ်ရုံဆွေးနွေးပွဲ အတွက် Citymart Supermarket က ပံ့ပိုးကူညီပြီး စီးပွားရေးအခက်အခဲဆိုက်ရောက်ချိန်တွင် မြန်မာ့စီးပွားရေး နယ်ပယ်အသီးသီးကို ဦးဆောင်လှုပ်ရှားနေကြသူများအချင်းချင်း ဝိုင်းဝန်းပူးပေါင်း အဖြေရှာကူညီပေးနိုင်ရန်အတွက် ရည်ရွယ်အကောင်အထည်ဖော်ထားသည့် Myanmar Executive Forum ၏ ပထမဆုံးလှုပ်ရှားမှုအဖြစ် CEO မဂ္ဂဇင်းက စတင်စီစဉ်ကျင်းပလိုက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် ၁၆
ဦးအောင်မြတ်လမ်းနေ
မောင်ဝေလင်းထွန်း B.Sc (Zoology)
C . I . M. (U K)
London School of Business & Finances (UK)
နှင့်
ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၄၇
(၂၅)လမ်းနေ
မဝင်းဝင်းသန်း(ခ)စုးစုး B.A (Business Management)
Diploma in Accounting (L.C.C.I, UK), ACCA Part-II
London Collage of Accountancy (UK)

တို့သည် ၁၂-၂-၂၀၀၉ရက်တွင် စမ်းချောင်းမြို့နယ် အမှတ် ၅၇ ရှမ်းလမ်း တိုက်(D-1-1)နေ ဦးဖေဝင်း-ဒေါ်ဝေနွယ်သန်းသန်းတို့၏ **"သဇင်"**ဂေဟာနေအိမ်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ၏ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

နှစ်ဖက်သော မိဘဆွေမျိုးများနှင့်
မောင်ဝေလင်းထွန်း-မဝင်းဝင်းသန်း(ခ)စုးစုး။

Foreign Affairs
Window to the World
Living Color Magazine နှင့် The Voice Weekly တို့က

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း၏ (၂၄)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗိုလ်တထောင်မြို့နယ် လမ်း(၅၀)ရှိ အကောက်ခွန်သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ဦးကျော်လှိုင် Passport No. 624254 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၂၄၈၂၃၁၊ ၃၉၁၃၈၇။

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

❐ *ကျောဖုံးမှ*

"ရခိုင်ပြည်နယ်ဟာ ပင်လယ်၊ မြစ်၊ ချောင်းများ ပေါများလှတဲ့အတွက် နိုင်ငံတော်အကြီးအကဲက တကယ့်စိတ်ရင်းအမှန်နှင့် သွားလာဆက်သံရေး ခက်ခဲလို့ တိုင်းရင်းသားတွေ အနေဝေးပြီး သူစိမ်းဆန်နေတယ်။ ပြည်တွင်းရဲ့အားပြည်တွင်းမှာရှိတယ်ဆိုတဲ့ ဆောင်ပုဒ်နဲ့ အညီ စစ်တွေ-ရန်ကုန် မော်တော်ကားလမ်း ဖောက်လုပ်ပေးမယ် ပြောပြီး စစ်တွေ-ရန်ကုန် ကားလမ်း ပေါ်လာပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသား ခရီးသည် ကုန်ပစ္စည်းတွေ ကူးလူးဆက်ဆံမှုကြောင့်

"နိုင်ငံတော်ရဲ့ ကျေးဇူးကြောင့် စစ်တွေ-ရန်ကုန် မော်တော်ကားလမ်းခရီး ပေါက်ခဲ့ပါပြီ"
ဦးစန်းထွန်း
ရွှေပြည်သစ်ခရီးသည်ပို့ဆောင်ရေး

ကျွန်တော်တို့ ယခင်ကထက် များစွာ အကျိုးဖြစ်ထွန်းပြီး စီးပွားရေး တိုးတက်လာတာမို့ နိုင်ငံတော် အကြီးအကဲရဲ့ မွန်မြတ်လှတဲ့၊ အမြော်အမြင်ကြီးမားတဲ့ စေတနာကို ဒေသခံများ မမေ့တော့ပါဘူး"ဟု ပြည်နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြသည်။

သတင်းအဖွဲ့ နေပူကျဲကျဲအောက်တွင် မော်တော်ကားဂိတ်များ၊ ကုန်ကားများကို လိုက်လံကြည့်ရှုရာ ခရီးသည်များ၊ ကုန်အဖွဲ့များက ဝိုင်းရံ ကြည့်ရှုကြသည်။ ထိုအထဲတွင် ဒေသခံ တိုင်းရင်းသား အသက်(၄၃)နှစ်ရှိ ရွှေပြည်သစ်ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေး ကားဂိတ်ပိုင်ရှင် ဦးစန်းထွန်းနှင့် မိတ်ဆက်ပေးခဲ့ရာ "ကျွန်တော် စစ်တွေ ဇာတိပါ၊ ယခင်က စစ်တွေမှ မန္တလေး၊ ရန်ကုန် မော်တော်ကားလမ်းမရှိလို့ ကျွန်တော့် စီးပွားရေးလုပ်ငန်း မအောင်မြင်ပါဘူး၊ အခုနိုင်ငံတော်ကြီး၏ ကျေးဇူးကြောင့် စစ်တွေ-ရန်ကုန် မော်တော်ကားလမ်း၊ စစ်တွေ-မန္တလေး မော်တော်ကားလမ်း ကျေးဇူးကြောင့် နီဆန်းကောင်တာ ခြောက်ဘီးမော်တော်ကား ၁၀စီးနဲ့ ဒေဝူး ခရီးသည်တင်ကားအစီး၂၀ ပိုင်ဆိုင်နေပါတယ်၊ ကုန်ကား ၁၀စီးဟာ ရန်ကုန်ကို တစ်လတစ်စီး အနည်းဆုံး နှစ်ခေါက်ခန့် ကုန်စည်ပို့တာမို့ တစ်လ ကျွန်တော့် မော်တော်ကားတွေ ပျမ်းမျှ အခေါက် ၅၀ ထက်မနည်း လွန်းပြန်သွားနေပါတယ်၊ စီးပွားရေးလုပ်ငန်း အောင်မြင်ပါတယ်"ဟု ဝမ်းသာပီတိစကားဖြင့် ရှင်းပြခဲ့သည်။

အကျိုးကျေးဇူး

ဦးစန်းထွန်း ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း တစ်ခုတည်းကပင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ စက်ပြင်၊ ဂိတ်မှူး စသဖြင့် အလုပ်သမား ၂၀၀ခန့်၊ မိသားစု၁၀၀၀ခန့်ကို ထမင်းကျွေးထားရာ အခြားခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များကလည်း အလုပ်သမားများစွာနှင့် မိသားစုများကို စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ပညာရေး ပါမကျန် ထောက်ပံ့လျက်ရှိသဖြင့် စစ်တွေ-ရန်ကုန်လမ်းတံတားများ၏ အကျိုးကျေးဇူးကား ကြီးမားလှပါဘိ။

ပြည်နယ် အဝေးပြေးကားဂိတ်တွင် အလျားပေ၂၀×၄၄ပေ အမြင့်ရှိ နှစ်ထပ်ကားဂိတ် အဆောက်အအုံ ၁၅လုံးရှိရာ အားလုံးသည် မြေညီထပ်၌ ခရီးသည်များနားနေဆောင်များပါရှိပြီး သန့်ရှင်းသပ်ရပ်ဖွယ် တွေ့မြင်ခဲ့ရသည်။

အဝေးပြေး ယာဉ်ရပ်နားစခန်းကို စစ်တွေမြို့မှ ပြည်နယ်/တိုင်းအသီးသီးသို့ ခရီးသည်ပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးတို့အတွက် သွားလာနေကြသည့် ယာဉ်များ စနစ်တကျ ရပ်နားနိုင်ရေးအတွက် ၂၀၀၁ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၂ခုနှစ် ဇန်နဝါရီ ၁ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

ရာသီမရွေး

အဝေးပြေး ယာဉ်ရပ်နားစခန်းသည် မူလက ချိုင့်ဝှမ်းလွင်ပြင်ကြီးဖြစ်ကာ ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ်ကြီးကြပ် လမ်းညွှန်မှုကိုခံယူကာ မြေသားများဖို့ကာ ဆောင်ရွက်ခဲ့ရပြီး ယာဉ်ပိုင်ရှင်များမှ ကိုယ့်အားကိုယ်ကိုးဖြင့် အကျယ် ၁၂ပေ၊ အရှည်ပေ ၃၁၃၀ ရှိ ကတ္တရာလမ်းကို ယာဉ်ရပ်နားစခန်းအတွင်း ဖောက်လုပ်ခဲ့သဖြင့် ယခုအခါ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ကားများ ရာသီမရွေး သွားလာနိုင်ပေပြီ။

စစ်တွေမြို့မှ မြို့နယ်အသီးသီးနှင့် စစ်တွေမြို့တွင်း ခရီးသည်ပို့ဆောင်ပြေးဆွဲနေသော မော်တော်ယာဉ်များမှာ ရွှေပြည်သစ်မော်တော်ယာဉ်အသင်းက ပုဏ္ဏားကျွန်း၊ ယိုးတရုပ်၊ အောင်ဖြူပြင်၊ ကံစောက်၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့များသို့လည်းကောင်း၊ ကင်းစတားမော်တော်ယာဉ်အသင်းက ကျောက်တော်၊မြောက်ဦး၊ မင်းပြားမြို့များသို့လည်းကောင်း၊သန်မြန်သူ မော်တော်ယာဉ်အသင်းက ကျောက်တော်၊ ပုဏ္ဏားကျွန်းသို့ လည်းကောင်း၊ ဂျီးဖြူ မော်တော်ယာဉ်အသင်းက ကျောက်တော်၊ ပုဏ္ဏားကျွန်းသို့လည်းကောင်း၊ ဓညဝတီ မော်တော်ယာဉ်အသင်းနှင့် ဦးရာဇမင်္ဂလာ မော်တော်ယာဉ်အသင်းတို့က ပုဏ္ဏားကျွန်း၊ ရောင်နီဦး မော်တော်ယာဉ်အသင်းက ကျောက်တော်၊ ဝေသာလီ မော်တော်ယာဉ်အသင်းက ရန်ကုန်-မန္တလေးသို့ မှန်လုံကား၊ ဒိုင်နာကားဖြင့် နေ့စဉ် ၄၇စီး လွန်းပြန်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

သုံးဘီးဆိုင်ကယ်ယာဉ် ၁၆၃စီး၊ ထော်လာဂျီ ၅၂၂စင်းကလည်း စစ်တွေမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်များသို့ ခရီးသည်နှင့် ကုန်စည်များ အေးချမ်းစွာပို့ဆောင်နေသဖြင့် ကုန်စည်စီးဆင်းမှုနှင့် ခရီးသည်များ လမ်းပန်းလုံခြုံချောမွေ့သည်ကို ကျေနပ်စွာ မြင်တွေ့ရသဖြင့် ဒေသဆိုင်ရာ အဖွဲ့အစည်း အဆင့်ဆင့်နှင့် ကြီးကြပ်ဆောင်ရွက်နေသူများ၊ ယာဉ်မောင်း ယာဉ်နောက်လိုက်များအား ကျေးဇူးတင်မိပါသည်။

စစ်တွေ-ရန်ကုန်

စစ်တွေ-ရန်ကုန်မှာ ၅၆၁မိုင်ကွာဝေးပြီး ကင်းစတား-ရွှေပြည်သစ်၊ ဝေသာလီ၊ ရွှေကံ့ကော်၊ ရွှေပြည်ရခိုင်၊ ကြံတိုင်းအောင်၊ တိုးရတနာမော်တော်ယာဉ်လိုင်းများမှ မှန်လုံ (ဟွန်ဒိုင်း) မော်တော်ယာဉ် ၂၆စီးသည် နေ့စဉ် ခရီးသည်တစ်ဦး ကျပ်၁၆၅၀၀ဖြင့် လွန်းပြန်ပြေးဆွဲလျက်ရှိရာ စစ်တွေမှ နံနက် ၆နာရီထွက်ပြီး ရန်ကုန်သို့ နောက်တစ်နေ့ ညနေ ၆ နာရီခန့် ရောက်ရှိကြောင်း သိရသည်။

အလားတူ ရွှေလမင်း၊ ကဿပနဒီ၊ ရွှေပြည်ရခိုင်၊ ဝေသာလီ၊ မော်တော်ယာဉ်လိုင်းများမှ ၅၂၆မိုင် ဝေးကွာသည့် စစ်တွေ-မန္တလေးခရီးစဉ်တွင် မော်တော်ယာဉ် ၁၃စီးဖြင့် ခရီးသည်တစ်ဦး ကျပ် ၁၅၆၀၀ ဖြင့် ညနေ၆နာရီထွက်၍ နောက်တစ်နေ့ ညနေ ၅နာရီရောက်ကြောင်း သိရသည်။ မြန်မာ့အလင်းသတင်းအဖွဲ့ ပြည်နယ် မော်တော်ယာဉ် အဝေးပြေးကားဝင်းသို့ ပြန်လည်ရောက်သည့်အခါ ထိုင်ခုံအပြည့်နှင့် လမ်းခရီးသည်တို့အတွက် မတ်တပ်ရပ်လိုက်ပါလာကြသည်။ ခရီးသည်အချို့နှင့် ရွှေပြည်သစ်မော်တော်ယာဉ် ကျောက်တော်မြို့သို့ ခရီးထွက်ခါနီး တွေ့မြင်ရသဖြင့် ရှိသည့် အချိန်အတွင်း ဒေသခံ အမျိုးသမီးတစ်ဦးကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

"ကျွန်မနာမည် ဒေါ်သိန်းသိန်းလှပါ၊ ကျောက်တော် စပါးစိုက်ရာမှာ နေပါတယ်။ ဆွေမျိုးတွေက စစ်တွေမှာရှိပါတယ်။ အရင်တုန်းက ကျောက်တော်က စစ်တွေ တစ်နေကုန် သင်္ဘောစီးရလို့ စားစရိတ်၊ သင်္ဘောခပါ ကုန်ကျတဲ့အတွက် ဆွေမျိုးတွေဆီ မလာနိုင်တဲ့အပြင် အချိန်ကုန်ပါတယ်။ အခုတော့ မော်တော်ကားခ ကျပ်၂၀၀၀သာ ပေးရပြီး နံနက်လာ၊ ညနေပြန် နေ့ချင်းပြန်ပြီး ဆွေမျိုးတွေကို တွေ့နိုင်တာမို့ အလွန်စိတ်ချမ်းသာပါတယ်"ဟု ရခိုင်သံဝဲဝဲဖြင့် မြန်မာ့အလင်းသို့ ပြောပြသည်။

ပို့ဆောင်ရေး

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းလွင်က "ကျွန်တော့်ဌာနက ခရီးသည်တင်ယာဉ်၊ ရေယာဉ်၊ ကုန်တင်ယာဉ်၊ရေယာဉ် အားလုံး မှတ်ပုံတင်ပေးရပါတယ်။တစ်ဆက်တည်းမှာလည်း အခါအခွင့်သင့်တိုင်း ခရီးသည်များ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်များ မတော်တဆမှုလျော့နည်းမှုကို သက်ဆိုင်ရာဌာနများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်းပညာပေးဟောပြော ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်ရုံး(စစ်တွေ)တွင် ၂၀၀၈ခု အောက်တိုဘာလအထိ မှတ်ပုံတင်ခွင့်ပြုထားသော မော်တော်ယာဉ်များမှာ လူစီးကုန်တင် (ဝန်ပေါ့)၊ ကုန်တင်(ဝန်လေး)၊ ခရီးသည်တင်၊ အခြား၊ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီ စုစုပေါင်း ကိုယ်ပိုင် ၁၃၆၅၁စီး၊ အငှား ၁၃၉၃စီး စုစုပေါင်း ၁၅၀၄၄ စီး ဖြစ်ပြီးအခြားမြို့နယ်မှ နေ့စဉ်ဝင်ရောက်သည့် မော်တော်ယာဉ်များ မပါကြောင်း သိရပါတယ်"ဟု ရှင်းပြသည်။

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မှတ်ပုံတင်ထားရှိသော မြင်းကောင်ရေ ၂၀အောက် စက်တပ်ရေယာဉ်များမှာ စစ်တွေမြို့နယ်၌ ၂၈၆စင်း၊ ရသေ့တောင်မြို့နယ် ၁၁၁စင်း၊ ပုဏ္ဏားကျွန်းမြို့နယ် ၈၈စင်း၊ ကျောက်တော်မြို့နယ် ၁၁၂စင်း၊ မြောက်ဦးမြို့နယ် ၁၈၈ စင်း၊ မင်းပြားမြို့နယ် ၁၀၅ စင်း၊ ပေါက်တောမြို့နယ်၂၉၅စင်း၊ မြေပုံမြို့နယ် ၁၈၄စင်း၊ မောင်တောမြို့နယ် ၁၂၆စင်း၊ ဘူးသီးတောင်မြို့နယ် ၇၃စင်း၊ ကျောက်ဖြူမြို့နယ် ၃၁၂စင်း၊ ရမ်းဗြဲမြို့နယ် ၃၄၃စင်း၊ မာန်အောင်မြို့နယ် အစင်း၃၄၀၊ အမ်းမြို့နယ် အစင်း၁၂၀၊ သံတွဲ မြို့နယ် ၆၁၇စင်း၊ တောင်ကုတ်မြို့နယ် ၄၉၉စင်း၊ ဂွမြို့နယ် ၃၄၅စင်း စုစုပေါင်း ရခိုင်ပြည်နယ်အတွင်း ၄၁၄၄စင်းတို့ဖြစ်ကြသည်။

ရခိုင်ပြည်နယ်အတွင်း ဝင်/ထွက် သွားလာလျက်ရှိသော စက်မြင်း ၂၀ အောက် ရေယာဉ်များကို သက်ဆိုင်ရာလုပ်ငန်းများ အလိုက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရေယာဉ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မော်တော်ယာဉ်ဂိတ်အသင်း ၅၃သင်းမှ ရခိုင်ပြည်နယ်အတွင်းသာမက ရန်ကုန်၊ မန္တလေး၊ မင်းဘူးသို့ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး၊ ပုဂ္ဂလိကရေယာဉ်များ ငါးဖမ်းလုပ်ငန်း ဆောင်ရွက်နေသော ဒေသန္တရစက်လှေများကို ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနနှင့် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ ငါးဖမ်းစက်လှေများကို အသီးသီး ဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာဌာနများအလိုက် အဆိုပါ ရေယာဉ်များအပေါ် အထူးစစ်ဆေးခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်းများဖြင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် လမ်းပန်းလုံခြုံချောမွေ့စေရေးကော်မတီမှ အနီးကပ်ကြီးကြပ်မှုနှင့် ခရီးသည်နှင့် ကုန်စည်သွားလာစီးဆင်းမှု မှန်မှန်တိုးတက်လျက်ရှိပြီး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံအသင်းကလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပါကြောင်း ကွင်းဆင်းလေ့လာတွေ့ရှိသမျှ တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စစ်တွေမြို့တွင်း ပြေးဆွဲနေသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။
(မြန်မာ့အလင်း)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ယခုအပတ်ထုတ် ဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

Supply Chain, Value Chain မှန်ကန်မျှတစွာ ဆောင်ရွက်ခြင်းဖြင့် ကုန်ပစ္စည်း အရောင်းအဝယ် တိုးတက်ဖွံ့ဖြိုးလာရေးစကားဝိုင်း ဆွေးနွေးပွဲ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၆၅)ကို ထုတ်ဝေဖြန့်ချိထားသည်။

ဖြန့်ချိ

ယခုအပတ် ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် စင်ကာပူ အိမ်ခြံမြေ ရောင်းဝယ်ရေးလုပ်ငန်းမှ ကလိမ်ကျမှုများ၊ မြန်မာ့ဆန် အာဖရိကဈေးကွက်သို့ ထိုးဖောက်နိုင်ခဲ့၊ အလှူခံပုံး ကန်ထရိုက်ပေးသတင်း ကောလာဟလသာဖြစ်၊ WCDMA ဖုန်းအလုံး ၅၀၀၀ ထပ်မံချထားပေးမည်၊ မြန်မာသင်္ဘောသားနှစ်ဦး အစာအဆိပ်သင့်သေဆုံး၊ ထိုင်းနိုင်ငံတွင် ပြည်ပအလုပ်သမားများအတွက် လက်မှတ်အသစ်ပြုလုပ်ပေးခြင်းမရှိသေး၊ တရားအားထုတ်နေသော သီလရှင်ထံမှ ပစ္စည်းခိုးယူသူ နာရီပိုင်းအတွင်း အဖမ်းခံရ၊ ရှစ်မြှောပူးမွေးဖွားတဲ့ ရှင်မွေးလွန်း အမေရိကန်သူ၊ ဘာသာရေးလိုက်စားလာကြသည့် စင်ကာပူနိုင်ငံသားများ၊ ကဏန်းပျော့ထုတ်လုပ်သူများ အရှုံးပေါ်၊ နယ်စပ်ကုန်သွယ်ရေးမှ တင်သွင်းလာသော စားသောက်ကုန်ပစ္စည်းများ စိစစ်ရန်လိုအပ်၊ ကြက်ရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက် ထုတ်ပြန်ထား၊ ပါမောက္ခ ဒေါက်တာဦးမြင့်မောင်မောင်၏ မည်သူ တရားခံလဲ၊ လင်မယားနှစ်ဦးပိုင် ပစ္စည်းကို လင်ကဖြစ်စေ၊ မယားကဖြစ်စေ ယူဆောင်သွားမှုသည် ခိုးမှုမြောက်သလား၊ နှစ်လောင်းပြိုင် လူသတ်လုယက်မှုပြုလုပ်မည့်ဆဲဆဲ အိမ်အကူအမျိုးသမီးကြောင့် ချက်ချင်းတရားခံဖမ်းဆီးရမိ၊ ဖေဖော်ဝါရီ ၁၄ရက်က ကျင်းပခဲ့တဲ့ လပြည့်ဝန်းပလာဇာနဲ့ မျှော်စင်ကျွန်းမှ အလှပုံရိပ်များ၊ အီရန်ကိုတိုက်လျှင် ဒေသတစ်ခုလုံး မီးဟုန်းဟုန်းတောက်မည်။ မြောက်ကိုရီးယားဒုံးကျည်ကို အမေရိကန်က ပစ်ချမည်ဟု ပြောကြား၊ အစ္စရေးနှင့် အီရန် ၂၀၀၉ခုနှစ်မကုန်မီ စစ်ဖြစ်နိုင်ကြောင်း အမေရိကန်ထောက်လှမ်းရေးက ကြိုတင်ဟောကိန်းထုတ်၊ အီရန်ကိုကျူးကျော်ရန် အမေရိကန် ကြံစည်ခဲ့ စသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ် အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျေးလက်ဖွံ့ဖြိုးရေး ပင်လောင်း၌ဆွေးနွေး

ပင်လောင်း ဖေဖော်ဝါရီ ၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးအေးနှင့် ဌာနဆိုင်ရာများ၊ ဆောင်းပြောင်းကျေးရွာဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၂ရက်က လုံးပြင်ကျေးရွာအုပ်စု ဆောင်းပြောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

မှာကြား

ရှေးဦးစွာ ဗိုလ်မှူးချုပ်မျိုးအေးက အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာရဲက ဒေသဆိုင်ရာ အချက်အလက်များတင်ပြပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအပေါ် ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဆောင်းပြောင်းကျေးရွာသို့ စာအုပ်စာတမ်းနှင့် ဆေးဝါးများလှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က ဆောင်းပြောင်းကျေးရွာ စာပေဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် သုတရသ စာအုပ် ၅၀နှင့် ဂျာနယ်စောင်ရေ ၅၀ကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်တင်မြင့်က ဆောင်းပြောင်းအထက်တန်းကျောင်းခွဲအတွက် ကျောင်းသုံးဗလာစာအုပ် ၁၀ဒါဇင်နှင့် ခဲတံများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတိုးမောင်က ကျေးလက်ကျန်းမာရေးဌာနသို့ လိုအပ်သည့်ဆေးဝါးများကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြက်ဆူပင်စိုက်ပျိုးရေး အသိပညာပေးဟောပြော

တနိုင်း ဖေဖော်ဝါရီ ၅

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ၂၀ရက် မွန်းလွဲ၁နာရီက တနိုင်းမြို့ ဟူးကောင်းခန်းမ၌ ကျင်းပသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနှင့် ဇီဝလောင်စာစွမ်းအင်အသုံးပြုပုံကို စာရေးဆရာဒါရိုက်တာဖွန်မောင်မောင်က လည်းကောင်း၊ သစ်ပင်စိုက်ပျိုးရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး ခေါင်းစဉ်ဖြင့် စာရေးဆရာမဒေါ်စံပယ်က လည်းကောင်း ဟောပြောကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ထန်းတောရပ်ကွက်ရှိ ရေပေးရေးမီးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက်က အဆိုပါမီးစက်ရုံရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနား ဆရာအတတ်သင်ကျောင်း၌ အာစရိယပူဇော်

မြစ်ကြီးနား ဖေဖော်ဝါရီ ၅

မြစ်ကြီးနား ဆရာအတတ်သင်ကျောင်း (၁၉၅၂-၁၉၉၈)ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ ပညာရေးကောလိပ်ဉာဏစစ်သည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို တေးရေးဆရာ မေမြို့ဆွေလင်း၏ ဉာဏစစ်သည်ခန်းမ မြတ်မော်ကွန်းတင် အာစရိယပူဇာသဘင် သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် အာစရိယပူဇော်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြစ်ကြီးနား အထက(၃)ကျောင်းအုပ်ဆရာကြီးဦးဘထွန်းက အာစရိယပူဇော်ပွဲကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ပညာရေးကောလိပ် ဒုတိယကျောင်းအုပ် ဆရာမကြီး ဒေါ်ချစ်စိန်က အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ဆရာ ဆရာမကြီးများအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီနှင့် လက်ဆောင်ပစ္စည်းများကို ပူဇော်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လှူဒါန်းကြပြီး ဆရာ ဆရာမကြီးများအား ကန်တော့ကြသည်။ **(အပေါ်ပုံ) (၀၀၃)**

မင်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာဦးနေမျိုးတို့ ဇန်နဝါရီ ၅ရက်က မြေခြားကျေးရွာ ကျေးလက်လမ်းဖောက်လုပ်မှုကို ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇန်နဝါရီ ၃၁ရက်က မြို့ဝင် ဆိုင်းဘုတ်ရှေ့ မြေယာရှုခင်းအလှအတွင်း အပွင့်ပွင့်သော ပန်းများ စိုက်ပျိုးခြင်း၊ ပေါင်းမြက်များရှင်းလင်း၍ ရေလောင်းခြင်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

သံတွဲတွင် မိခင်နှင့် ကလေးပြိုင်ပွဲဆုချီးမြှင့်

သံတွဲ ဖေဖော်ဝါရီ ၂

သံတွဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် သားကောင်းမိခင်ပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲ၊ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၉နာရီက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး ခရိုင်ဆရာဝန်ကြီး ဒေါက်တာခင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ဆုရွေးချယ်ပွဲဆိုင်ရာ စည်းကမ်းများကို ကလေးအထူးကုဆရာဝန် ဒေါက်တာခင်မြင့်သန်းက ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဆုများချီးမြှင့်ရာ မွေးစမှ ခြောက်လထိ ပထမ၊ ဒုတိယ၊ တတိယဆုနှင့် အလှဆု၊ ခြောက်လမှ တစ်နှစ်အထိ ပထမ၊ ဒုတိယ၊ တတိယဆု၊ တစ်နှစ်မှ တစ်နှစ်ခွဲအထိ ပထမ၊ ဒုတိယ၊ တတိယဆုနှင့် တစ်နှစ်ခွဲမှ နှစ်နှစ်အထိ ပထမ၊ဒုတိယ၊ တတိယဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဝိုင်းမော်မြို့၌ စာကြည့်တိုက်ဖွင့်

ဝိုင်းမော် ဖေဖော်ဝါရီ ၈

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စူယန်ကျေးရွာအုပ်စု အရဏ်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၆ရက်က အဆိုပါစာကြည့်တိုက်အဆောက်အအုံ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး မြင့်သိန်းဦး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်၊ စူယန်ကျေးရွာဥက္ကဋ္ဌ ဦးခေါင်လွမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးမြင့်သိန်းဦး၊ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်၊ မြို့နယ်ဦးစီးမှူးဦးဘောမ်ယိန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်အတွက် စာအုပ်များကို ကျေးရွာဥက္ကဋ္ဌ ဦးခေါင်လွမ်းထံ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

စာဖတ်ရှုနိုင်မြှင့်တင်ရေး ကျောက်ဆည်မြို့နယ်၌ ညှိနှိုင်း

ကျောက်ဆည် ဖေဖော်ဝါရီ ၁၂

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးညွန့်ရွှေသည် မြို့နယ်ဦးစီးမှူး ဒေါ်ဝေဝေဖြိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၇ရက်က စဉ့်ကိုင်းမြို့နယ်အတွင်းရှိ ဖွင့်လှစ်ပြီး စာကြည့်တိုက်များဖြစ်သည့် ဘူတာကျေးရွာ မဟာဘူတာစာကြည့်တိုက်၊ စိတ္တရကျေးရွာ စိတ္တသုခစာကြည့်တိုက်၊ ကန်သာအေးကျေးရွာ အင်းလျားမြကန်သာစာကြည့်တိုက်၊ ဗျည်းလောကျေးရွာ ဗျည်းရောင်ခြည် စာကြည့်တိုက်၊ မင်းကိုင်ကျေးရွာ မင်းရွှေပြည်စာကြည့်တိုက်၊ မြောက်ကိုင်းကျေးရွာ ကိုင်းရောင်ခြည်စာကြည့်တိုက်၊ ဆယ့်နှစ်ကိုင်းကျေးရွာ ရူပံကြယ်စာကြည့်တိုက်၊ တဘက်ဆွဲကျေးရွာ အလိမ္မာစာကြည့်တိုက်နှင့်အရှေ့ရွာသစ်ကျေးရွာ မျိုးဆက်သစ်စာကြည့်တိုက်များသို့ ကွင်းဆင်းစစ်ဆေးပြီး စာကြည့်တိုက်များ စံ(၅)ရပ်နှင့်ပြည့်စုံရေးနှင့် စာငှားစနစ်ပီပြင်ရေး၊ စာဖတ်ရှုနိုင်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးကြသည်။**(ခရိုင် ပြန်/ဆက်)**

အကြိမ်(၉၀)ပြည့် သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဦးစီးအရာရှိ(စုံစမ်းရေး) ဦးမြင့်အောင် (လူမှုထူးချွန်ပထမဆင့်) **(အပေါ်ပုံ)** သည် ဇန်နဝါရီ၃ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် အကြိမ်(၉၀)ပြည့် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဇန်နဝါရီ ၂၇ရက်က ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ခုဘဏ္ဍာရေးနှစ် မြို့ပြတံတားလုပ်ငန်းဖြစ်သော အမှတ်(၅)ရပ်ကွက်ရှိ ရေစက်ရုံလမ်း ကွန်ကရစ်တံတားတည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်မြင့်သန်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ထီးချိုင့်၌ စုံညီပွဲတော်နှင့် အားကစားပြိုင်ပွဲ ဆုချီးမြှင့်

ထီးချိုင့် ဖေဖော်ဝါရီ ၂

ကသာခရိုင် ထီးချိုင့်မြို့နယ် ပညာရေးဌာနကကြီးမှူးပြီး စုံညီပွဲတော်နှင့် အားကစားပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၈ရက် နံနက် ၉နာရီက အထက်တန်းကျောင်းအားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားကို အထက်တန်းကျောင်း ကျောင်းသားကျောင်းသူများက စုံညီပွဲတော် တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ မြို့နယ်ပညာရေးမှူး ဦးထွန်းမြင့်တို့က ပညာရေးဌာန ရည်မှန်းချက်လုပ်ငန်းစဉ်များ၊ ပညာရေးဌာနလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အခြေခံပညာမူလတန်းဆင့်၊ အလယ်တန်းဆင့်၊ အထက်တန်းဆင့်များတွင် ပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် မူလတန်းဆင့် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ အဖွဲ့ဝင်ဒုတိယရဲမှူးချစ်ညွန့်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးသည်။

(မြို့နယ် ပြန်/ဆက်)

လားရှိုး အထက(၆)၌ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပ

လားရှိုး ဖေဖော်ဝါရီ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်း ကျောင်း (ယခင်ပန်အုပ် အမက၊ အလက-၁)၏ နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာ စားပွဲကို ဇန်နဝါရီ ၃၁ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းဝင်းအတွင်းရှိ ကမ္ဘောဇခန်းမ၌ ကျင်းပခဲ့သည်။ (၀၂၆)

ရွှေတောင်မြို့နယ်၌ ကြီးပွားရေးစာကြည့်တိုက် အဆောက်အအုံဖွင့်

ရွှေတောင် ဖေဖော်ဝါရီ ၁၃

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ကသစ်တိုင်းကျေးရွာအုပ်စု တောင်လုံးညီကျေးရွာ ကြီးပွားရေးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက်က အဆိုပါအဆောက်အအုံသစ်၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အဆောက်အအုံသစ်ကို ပြည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ညွှန့်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်း (အနောက်ပိုင်း) တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် အုပ်စုစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က စာအုပ်မျိုးစုံ အုပ် ၁၀၀ **(ယာပုံ)**၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်လွင်က စာကြည့်တိုက် ငွေပဒေသာပင်အတွက် အလှူငွေကျပ် တစ်သောင်းနှင့်မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်က စာအုပ်မျိုးစုံ အုပ် ၅၀တို့ကို ပေးအပ်ရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်ဦးက လက်ခံယူသည်။

ထို့နောက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တက်ရောက်လာသူများက စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

(၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ခဲ့သော မောင်တောမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက်က အဆိုပါမုခ်ဦး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးကြီးလှမျိုးရှိန်၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဒိုက်ဦး ဖေဖော်ဝါရီ ၈

ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် ဘောနီကျေးရွာ ပညာဥယျာဉ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း(အရှေ့) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းတို့က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါစာကြည့်တိုက်အတွက် ရန်ကုန်မြို့မှ ဦးစံငြိမ်းနှင့် ဗိုလ်မှူးကြီးချစ်ခိုင်- ဒေါ်ညွှန့်ညွှန့်ဌေး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစွန်ထွေး၊ ဦးရဲမြင့်-ဒေါ်ခင်ချိုနီ(လွင်+စွမ်းကုမ္ပဏီ) နှင့်လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများနှင့် အလှူရှင်များက ငွေသား၊ ဆောက်လုပ်ရေးပစ္စည်း၊ ပရိဘောဂနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ဘုတ်ပြင်းမြို့နယ် ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ ရေဒီယိုနှင့် ငွေပဒေသာပင်လှူဒါန်း

ဘုတ်ပြင်း ဖေဖော်ဝါရီ ၅

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ်ရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်၊ ရေဒီယိုနှင့် ငွေပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သပြေခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမောင်မောင်ဇင်က ဌာနဆိုင်ရာများမှလှူဒါန်းသော ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးနိုင်လင်းက လက်ခံယူသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျေးရွာ၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ရေဒီယိုကက်ဆက် ၂၉လုံး၊ လူမှုရေးအသင်းအဖွဲ့များက စာအုပ်စာစောင် အုပ်၉၀နှင့် စေတနာရှင်ပြည်သူငါးဦးက စာအုပ်စာစောင် ၃၈၈အုပ် တန်ဖိုးငွေကျပ် ၂၃၈၇၀၀ကို လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အမျိုးသားကာကွယ်ဆေးတိုက်နေ့များ မြေစိုက်ပိုစတာစိုက်ထူပွဲ စစ်တွေ၌ကျင်းပ

စစ်တွေ ဖေဖော်ဝါရီ ၂

ရခိုင်ပြည်နယ် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၉)မြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားကို စစ်တွေမြို့တွင် ဇန်နဝါရီ ၇ရက် နံနက် ၈နာရီခွဲက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်နှင့်ဇနီး၊ စစ်တွေ တပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် ဇနီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အင်န်ဂျီအိုအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်နှင့် တာဝန်ရှိသူများက အမျိုးသားကာကွယ်ဆေးတိုက်နေ့များ(၂၀၀၉)မြေစိုက်ပိုစတာ စိုက်ထူပွဲ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။**(ပြည်နယ် ပြန်/ဆက်)**

သထုံခရိုင်ရှိခရိုင်ချင်းဆက်လမ်း ဖောက်လုပ်နေမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ဇန်နဝါရီ ၁ရက်က ကွင်းဆင်းစစ်ဆေးရာ မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူးဦးမောင်မောင်အေးနှင့် လက်ထောက်အင်ဂျင်နီယာဦးတင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ဆန်းစစ်သုံးသပ်ခြင်းနှင့် လုပ်ငန်းအားဖြည့် တိုးမြှင့်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေး

ကျိုက်ထို ဖေဖော်ဝါရီ ၅

ကျန်းမာရေးဦးစီးဌာနနှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ဆောင်ရွက်မှုများဆိုင်ရာ လုပ်ငန်းဆန်းစစ်သုံးသပ်ခြင်းနှင့် လုပ်ငန်းအားဖြည့် တိုးမြှင့်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၁၇ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်ထိုမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူးခင်အောင်က အမှာစကားပြောကြားပြီး **(အောက်ပုံ)** စီမံချက်မန်နေဂျာ ဦးထွန်းမြင့်က အလုပ်ရုံဆွေးနွေးပွဲ ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် ဆွေးနွေးပွဲဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်သည်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင် ဒီဇင်ဘာ ၂၅ ရက်က မိုင်းပျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော စိန်ပန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်(၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၂၇ရက် နံနက်၉နာရီကတက္ကသိုလ်ပန်းဥယျာဉ်၌ကျင်းပသည်။

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် ရှေးဦးစွာ မြန်မာစာဌာနပါမောက္ခ(ဌာနမှူး) ဒေါ်ကြည်ကြည်စိန်က ပြိုင်ပွဲစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်လင်းက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အကဲဖြတ်

ထို့နောက် တရုတ်ပညာသင်ကျောင်းသားများ၏ မြန်မာစာအသင်း အပါအဝင် ဘာသာရပ်အသင်းရှစ်သင်းနှင့် ရုံးဌာနသုံးခုတို့မှ ပါဝင်ယှဉ်ပြိုင် ထမနဲထိုးကြရာ ပြိုင်ပွဲကြီးကြပ်ရေးအဖွဲ့နှင့် ဒိုင်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေး အားပေးပြီး အကဲဖြတ် အမှတ်ပေးကြသည်။

ချီးမြှင့်

ဆက်လက်၍ ဆုပေးပွဲအခမ်းအနား ကျင်းပရာ ပထမဆုရရှိသော ဂျပန်ဘာသာရပ် အသင်းအား ဆုငွေကျပ်တစ်သောင်းငါးထောင်၊ ဒုတိယဆုရရှိသော ဂျာမန်ဘာသာရပ်အသင်းအား ဆုငွေကျပ်တစ်သောင်းနှစ်ထောင်နှင့် တတိယဆုရရှိသော ပြင်သစ်ဘာသာရပ်အသင်းအား ဆုငွေကျပ်တစ်သောင်းကို ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက အသီးသီးချီးမြှင့် ပေးအပ်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဟောပြောပွဲကျင်းပ

ပေါင် ဖေဖော်ဝါရီ ၆

၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်မြင့်မားရေး အထောက်အကူပြု ဟောပြောပွဲများကို ဇန်နဝါရီ ၂၈ရက် နံနက် ၉နာရီက ပေါင်မြို့နယ် မုတ္တမအထက ကျောင်းတွင်လည်းကောင်း၊ မွန်းလွဲ ၁နာရီက ပေါင်မြို့ အထကကျောင်းတွင် လည်းကောင်း၊ မော်လမြိုင်တက္ကသိုလ်မှဘာသာရပ်ဆိုင်ရာ လက်ထောက်ကထိက၊ ကထိကနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား ဟောပြောကြသည်။ **(၁၇၆)**

17-2 (16).pmd 1 2/17/2009, 12:27 AM

THREE FRIENDS CONSTRUCTION CO., LTD.

(5% To 10 % Discount)

Modern Furniture ... (MDF,PLy,Chip,Teak) ... Composite ... Rollershutter ... (Home Renovation) ... Architectural Design ...

(PAE)

30'x40' ... RC ...

Laminated Floor ☆ Wall Paper ☆ Plaster Board ☆ Plaster Cornice ☆ Gypsum Board

44A(1) ... 01-201478,294864,298341,396683,397301,397302

ထူးချွန်ထက်မြက်စေလိုသောမိဘများနှင့် ထူးချွန်ထက်မြက်၊ ဂုဏ်ထူးထွက်လိုသော သားသမီးများအတွက်

ပညာ၊ သမ္မာပြည့်ဝပြီး
စေတနာထားသင်ကြားပေးမည့်ဆရာများ၊
အတွေ့အကြုံရင့် Guide များဖြင့်
အနီးကပ် ကြီးကြပ်ပေးသည်။
မအားလပ်သောမိဘများနှင့် အဝေးရောက်သမားများအတွက်
မိမိ၏ သားသမီးရင်းချာကဲ့သို့
တာဝန်ယူစောင့်ရှောက်ပေးပါမည်။
ရန်ကုန်မြို့တွင်း တိတ်ဆိတ်အေးချမ်းသောနေရာ
သန့်ရှင်းသပ်ရပ် ကျယ်ဝန်းသော ကိုယ်ပိုင်ခြံဝင်းထဲတွင်
Air-Con; ခန်းများဖြင့် စိတ်ချမ်းမြေ့စွာ ပညာသင်ကြားရမည်။
ကျောင်းမအပ်မီ
စုံစမ်းပါ-လာရောက်လေ့လာပါ-ယုံကြည်စိတ်ချမှ
အပ်နှံပါ။

မင်းပြည့်စုံ
၁၀တန်း(ဘာသာစုံ)
တက္ကသိုလ်ဝင်တန်း(သီးသန့်)
အဆင့်မြင့်ဘော်ဒါ
(၂၀၀၉-၂၀၁၀)ပညာသင်နှစ်အတွက်
မတ်လ ၂၉ရက်စမည်။

ကျောင်းအပ်လက်ခံပြီ

လူဦးရေ ၁၀ဦးသာ ကန့်သတ်ထားပါ၍ ကြိုတင်အပ်မှ စိတ်ချရပါမည်။
အပ်နှံရမည့်နေရာ - ခြံအမှတ် ၆၊ ရောဝဏ် ၂လမ်း၊ မြခွာညို(ယုဇန)လုံးချင်းအိမ်ရာဝင်း၊ သာကေတမြို့နယ်။
စုံစမ်းရန် - ဖုန်း-၀၁-၅၄၉၈၅၆၊ ၀၉-၅၁-၅၁၄၆၈၊ ၀၉-၅၁-၆၈၀၀၈။

ဇီဇဝါဥယျာဉ်ရေကူးကန်

ပျော်ပျော်ပါးပါး
ရေကူးသင်ကြစို့

- သင်တန်း(၁၇)၃-၃-၂၀၀၉ရက် မှ ၁၀-၄-၂၀၀၉ရက်
- သင်တန်း(၁၈) ၂၂-၄-၂၀၀၉ရက်မှ ၂၉-၅-၂၀၀၉ရက်
- ၈နှစ်အထက် သင်တန်းကြေး ကျပ် ၁၅၀၀၀
- သင်တန်းသူ နည်းပြဆရာမသင်သည်
- ကလေးကန် သီးသန့်ရှိသည်။
- ရေကူးတတ်ရန် အာမခံသည်။

သံသုမာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဘောလီတံတားအနီး၊ ဖုန်း-၅၆၄၅၇၇၊ လိုင်းခွဲ-၂၀၀။

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၁၀၅၁

ဒေါ်စီစီတင် **နှင့်** ၁။ ဒေါ်ခင်ခင်ကြူ ၂။ ဒေါ်မိုမိုလတ် ၃။ ဒေါ်ခင်ဦးမော်

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ ဗျိုင်းရွာမရပ်ကွက် ဈေးလမ်း၊ အမှတ်(၂၉)နေ ဒေါ်မိုမိုလတ်နှင့် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဓမ္မဒါနလမ်း အမှတ်(၄၆)နေ ဒေါ်ခင်ဦးမော်(ယခုနေရပ် လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ် တရားလိုက ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် (၂၆၅၀/၀၅)၏ ၃-၇-၂၀၀၈ရက်စွဲပါ ဒီကရီသည် (၁)တရားပြိုင်က မမှန်မကန် ထိန်ချန်လိမ်လည် ဖော်ပြရယူခဲ့ခြင်းဖြစ်၍ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု ဒီကရီရလိုကြောင်း စွဲဆိုထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၂၇ရက် မွန်းမတည့်မီ ၉း၃၀နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးကြွယ်ကြွယ်
တွဲဖက်တိုင်းတရားသူကြီး(၁၀) ရန်ကုန်တိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၁၉၇

ခရိုင်မန်နေဂျာ **နှင့်** ဦးထွန်းကြည်
မြန်မာ့စီးပွားရေးဘဏ်၊ အင်းစိန်။

တရားနိုင် **တရားရှုံး**

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၂၀ ခရိုင်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်(အင်းစိန်)နှင့် ဦးထွန်းကြည်အမှုတွင် ကျရှိသည့် ဒီကရီအတွက် ဇာရီပြုစာရင်း၌ ဖော်ပြထားသောပစ္စည်းတွင် တရားရှုံးများ အကျိုးသက်ဆိုင်ခြင်းကို ၂၀၀၉ခုနှစ် မတ် ၂၄ရက်(၁၃၇၀ပြည့်နှစ် တပေါင်းလပြည့်ကျော် ၁၄ရက်)နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ၊ စံပြ(၂)လမ်း၊ အမှတ် ၂၀၊ မြေတိုင်းရပ်ကွက်အမှတ်(ရွှေနံ့သာစံပြ)၊ လူနေရပ်ကွက်အမှတ်၊ မြေကွက် အမှတ် ၂၀၊ ဧရိယာ ၀ဒသမ ၁၁၉၈ဧက၊ (၈၀×၆၅)ပေရှိ မြေနှင့်ယင်းမြေပေါ်ရှိ (၂၀×၁၀)ပေ သွပ်မိုး၊ ကျောက်ကြမ်းခင်း၊ အုတ်ကာတစ်ထပ် မီးဖိုချောင်တွဲလျက် အိမ်မ၊ အကျယ်အဝန်း (၂၀×၃၃)ပေ သွပ်မိုး၊ အပေါ်ထပ်လျှာထိုးခင်း၊ ပျဉ်ကာ၊ အောက်ထပ်ကျောက်ကြမ်းခင်း အုတ်ကာ နှစ်ထပ်တိုက်ခံအိမ် အပါအဝင် အကျိုးခံစားခွင့်အားလုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၅၀တိတိ။

လေလံစည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုအတွက် တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နွဲ့နွဲ့စန်း
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး။

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၁၈၆၄၇ လော့ဂျာ 110/ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမင်းခိုင် ၈/ပဖန(နိုင်)၀၇၇၈၉၅က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ခရိုင်ရုံး(မင်းဘူး)။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၂၃၁၃ Yamaha DT 125 R M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ညွန့် ၅/အတန(နိုင်)၀၂၆၇၄၇က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊တိုင်းရုံး(မကွေး)။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်အောင်ထွန်း ၁၂/ပဘတ(နိုင်) ၀၃၁၀၁၂ သည် မိဘနှင့် ညီအစ်ကိုမောင်နှမများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော ကိစ္စများစွာ ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ကိစ္စ အဝဝအား လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**

ဖခင်-ဦးဆူလေမန် ၁၂/ပဘတ(နိုင်)၀၁၂၄၈၆
မိခင်-ဒေါ်ဝင်းစိန် ၁၂/ပဘတ(နိုင်)၀၀၅၇၇၅။

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၁၄) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် စာပေနှင့် ဘက်စုံထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၃ရက်က ကျင်းပရာ သူငယ်တန်းမှ ပထမဆုရ မဖြူနှင်းဝေအား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးအောင်ကျော်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

မှုခင်းသတင်း — အိတ်ကပ်ထဲမှငွေများ နှိုက်ယူသုံးစွဲမိသဖြင့် လင်မယားရန်ဖြစ်ရာမှ ဇနီးသေဆုံးရ

မိတ္ထီလာ ဖေဖော်ဝါရီ ၁၀

ခင်ပွန်းဖြစ်သူ၏ အင်္ကျီအိတ်ကပ်ထဲမှ ငွေများနှိုက်ယူသုံးစွဲမိသဖြင့် လင်မယား စကားများရာမှ လူသတ်မှု မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ရေနီအနောက်ကျေးရွာအနီးတွင် ဖေဖော်ဝါရီ ၂ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်ပွားပုံမှာ မလှိုင်မြို့နယ် ရေနီအနောက်ရွာအနီး မလှိုင်နှင့်မြင်းဦးလှည့် ကားလမ်းပေါ်ရှိ မောင်ချို၏ထန်းတဲအနီးတွင် ဖေဖော်ဝါရီ၂ရက်က တစ်ရွာတည်းနေမောင်ဌေးနှင့် မလှတို့လင်မယား အိတ်ကပ်ထဲမှ ငွေများနှိုက်ယူသုံးစွဲသဖြင့် စကားများ ရန်ဖြစ်နေသဖြင့် သွားရောက်ဖျန်ဖြေပြီး ပြန်လွှတ်လိုက်သည်။ နောက်တစ်နေ့ နံနက်တွင် မောင်ချိုက မလှ တစ်ခုခုဖြစ်မည်စိုးရိမ်ပြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်အားခေါ်၍ ကားလမ်းအတိုင်းလိုက်သွားရာ ကားလမ်းဘေးတွင် ပေါက်ပြဒါဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရသဖြင့် မလှိုင်ရဲစခန်းသို့ သွားရောက်တိုင်ကြားခဲ့ရာ မလှိုင်ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးပြီး မလှ(အသက်၅၇နှစ်) အလောင်းကို မလှိုင်ဆေးရုံသို့ ဆေးစာဖြင့် တင်ပို့လိုက်သည်။

ဇနီးအားသတ်သူ မြင်းဦးလှည့်ရွာနေ တရားခံ မောင်ဌေး အသက်(၄၃နှစ်)အား ဖမ်းဆီးစစ်ဆေးရာ မိမိအင်္ကျီအိတ်ကပ်ထဲမှငွေများကို မလှက နှိုက်ယူသုံးစွဲခဲ့သဖြင့် မကျေမနပ်ဖြစ်ကာ မလှိုင်မြို့ အမှတ်(၆)ရပ်ကွက်နေ မိမိဇနီးမလှအား ရွာသို့လိုက်ခဲ့ရန်ခေါ်လာပြီး လမ်းတွင်လက်သီးနှင့်ထိုး၊ ခြေဖြင့်ကန်၊ ကျောက်ခဲဖြင့် ဦးခေါင်းထိပ်ထုသတ်ခဲ့ရာ နေရာ၌ပင် သေဆုံးသွားကြောင်း အစစ်ခံ၍ တရားခံမောင်ဌေးအား မလှိုင်ရဲစခန်း(ပ)၈/၂၀၀၉၊ ပုဒ်မ၃၀၂ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ (၀၈၆)

ပေါင်မြို့ ကဒါရပ်ကွက် ကမ္ဘာအေးဘုရားလမ်းနှင့် စည်ပင်သာယာလမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်က ကျင်းပရာ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအေးဆွေနှင့် သထုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၇၆)

စပေါင်းတာဝန်ယူမှုစနစ်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသော ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာမှ မတ်ပဲစိုက်ခင်းများနှင့် အဘက်ဘက်မှ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်မှုများ

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် စစ်တောင်းမြစ်ကမ်းနံဘေး ကညင်ကျိုးကျေးရွာမှ စပေါင်းတာဝန်ယူမှုစနစ်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသော မတ်ပဲစိုက်ခင်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်း - သတင်းထောက် ပိန်းဇလုပ်သိန်းညွန့်
ဓာတ်ပုံမှတ်တမ်း - ရန်အောင်ထွန်း(ပိန်းဇလုပ်)
စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၁၆

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်အား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိနေရာတွင် စီးပွားရေးဦးတည်ချက်(၄)ရပ်အနက် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးကို ဦးတည်ချက်တစ်ရပ် ချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထူးဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာသည်လည်း စိတ်ဝင်စားစွာ ကောင်းလှသည်။ ကညင်ကျိုးကျေးရွာသည် ယခင်နှင့်မတူ ယခုအခါ အံ့သြလောက်အောင် အဘက်ဘက်မှ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်နေသည့်အပြင် စပေါင်းတာဝန်ယူမှုစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မတ်ပဲ စိုက်ပျိုးခြင်းလုပ်ငန်းမှာလည်း အောင်မြင်တိုးတက်လျက်ရှိကြောင်း ကြားသိရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

ရွှေဘိုခရိုင် ကန့်ဘလူမြို့ အင်ကြင်းဥယျာဉ်၌ သစ်တောပြတိုက်တည်ဆောက်

ကန့်ဘလူ အင်ကြင်းဥယျာဉ်၌ ကျွန်းမြစ်ဆုံ၊ ပိတောက်မြစ်ဆုံ ကျောက်တုံးကျောက်ခက်များဖြင့် ရှုခင်းအလှ (Landscape) ကို တွေ့ရစဉ်။

သတင်းမှတ်စု
သတင်းထောက်မိုးမြင့်

ကန့်ဘလူ ဖေဖော်ဝါရီ ၁၆

ရွှေဘိုခရိုင် ကန့်ဘလူမြို့ အင်ကြင်းဥယျာဉ်၌ သစ်တောပြတိုက်တစ်ခု တည်ဆောက်လျက်ရှိရာ တည်ဆောက်ရေးလုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဟု သိရသည်။ ယင်းပြတိုက် ဆောက်လုပ်ပြီးစီးပါက အင်ကြင်းကျောက်ဖြင့် လူသုံးကုန်ပစ္စည်းများ၊ အဆောက်အအုံသုံးနှင့် ဧည့်ခန်း၊ အိမ်ခန်း အလှဆင်ပစ္စည်းများ၊ အလှအပနှင့် လက်ဝတ်ရတနာပစ္စည်းများ၊ ရုပ်တုများ ထုတ်လုပ်ခြင်း၊ ပြသခြင်းတို့ကို ဆောင်ရွက်သွားမည်ဟု သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❍

ပင်လယ်နှင့်သမုဒ္ဒရာတို့၏ အပူချိန်မြင့်တက်လာမှု ငါးမျိုးစိတ်အများအပြား ထိခိုက်သေဆုံးနိုင်ဖွယ်ရှိ

ဘာသာပြန်သတင်းမှတ်စု
မိုးမြင့်လင်းလက်

စာမျက်နှာဖွဲ့စည်းမှု
သန်းအေး (မြန်မာ့အလင်း)

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုနှင့် အပူချိန်မြင့်တက်လာမှုများကြောင့် ပင်လယ်နှင့် သမုဒ္ဒရာတို့တွင် ရှင်သန်ကျက်စားနေသော ရေနေသတ္တဝါမျိုးစိတ်ပေါင်း ၁၀၀၀ခန့် ထိခိုက်သေဆုံးနိုင်ကြောင်း အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)မှ အဏ္ဏဝါဇီဝဒသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

လျော့နည်း

ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့၏ ရေမျက်နှာပြင် အပူချိန်မြင့်တက်လာခြင်းသည် ပင်လယ်ပျော် ငါးမျိုးစိတ်အချို့ မျိုးပွားနှုန်းလျော့နည်းသွားခဲ့သလို သေဆုံးမှုများလည်းရှိနေကြောင်း၊ အချို့ငါးမျိုးစိတ်များမှာ မျိုးသုဉ်းစပြုနေပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

ရခိုင်ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှု မြန်ဆန်ရေး အထောက်အကူပြုလျက်ရှိသော မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံအသင်း



စစ်တွေမြို့ မော်တော်ယာဉ် အဝေးပြေး ကားဂိတ်ကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

သတင်းခရီးသည် - သတင်းထောက်စဋ္ဌကူစိုးဝင်း ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

စစ်တွေ ဖေဖော်ဝါရီ ၁၆

မြန်မာ့အလင်းသတင်းအဖွဲ့သည် ရခိုင်ပြည်နယ်တစ်ခွင်လုံး ဆက်စပ်ပေါင်းစည်းကာ ကုန်စည်စီးဆင်းမှု၊ ခရီးသည်များ စိတ်ချမ်းသာယာ ခရီးသွားလာနိုင်ရေးအတွက် ဆောင်ရွက်နေသည့် စစ်တွေမြို့ မြို့နယ်မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံအသင်းသို့လည်း သွားရောက်လေ့လာခဲ့ကြသည်။

ရှင်းလင်းပြောပြ

ရခိုင်ပြည်နယ် မော်တော်ယာဉ်အဝေးပြေးဂိတ်သည် စစ်တွေမြို့၏မြောက်ဘက် စစ်တွေ-ရန်ကုန် ကားလမ်းမကြီးပေါ်တွင်တည်ရှိကာ အသင်းဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က အဝေးပြေးကားဂိတ်အတွက် ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲ၊ ဆောက်လုပ်ရန် ရည်မှန်းထားသည့် အဆောက်အအုံများ၊ မော်တော်ကားဂိတ်များ၊ ခရီးသည်နားနေဆောင်များကို လိုက်လံပြသ၍ ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ❒